# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ တန်ခူးလပြည့်ကျော် (၄)ရက် ၊ တနင်္ဂနွေနေ့ ၊ (5-4-2026) ၊ အတွဲ (၃၄) ၊ အမှတ် (၃၄၀)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ (Agro – based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် နီကာရာဂွာသမ္မတနိုင်ငံ ပူးတွဲသမ္မတများဖြစ်ကြသည့် မစ္စတာ ဒန်နီရယ် အော်တီဂါ ဆာဗေဒရာနှင့် မစ္စစ် ရိုဆာရီယို မူရီလိုတို့ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော်   ဧပြီ   ၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် နီကာရာဂွာသမ္မတနိုင်ငံ ပူးတွဲသမ္မတများဖြစ်ကြသည့် မစ္စတာ ဒန်နီရယ် အော်တီဂါ ဆာဗေဒရာနှင့် မစ္စစ် ရိုဆာရီယို မူရီလိုတို့ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့လာပါသည်။

**မာနာဂွာမြို့၊ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်**

**အဆွေတော်**
**ဦးမင်းအောင်လှိုင်**
**ရွေးကောက်ခံသမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နေပြည်တော်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် အဆွေတော် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် နီကာရာဂွာသမ္မတနိုင်ငံ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ညီညွတ်ရေးအစိုးရနှင့် ပြည်သူများကိုယ်စား မိမိမှ ဂုဏ်ယူဝမ်းမြောက်ကြောင်း ဖော်ပြလိုပါသည်။

အခါအခွင့်ကြုံခိုက် မိမိတို့နှစ်နိုင်ငံအကြား တည်ရှိနေသည့် ချစ်ကြည်ရင်းနှီးမှုနှင့် စည်းလုံးညီညွတ်မှုကို ဆက်လက်ခိုင်မာအောင် လုပ်ဆောင်သွားမည့် ကတိကဝတ်ကို ထပ်လောင်းအတည်ပြုပါသည်။ မိမိတို့၏ ပြည်သူများအတွက် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ သာယာဝပြောရေး၊ ကျန်းမာသုခနှင့် ဖွံ့ဖြိုးတိုးတက်ရေးများကို ဆောင်ကြဉ်းပေးနိုင်မည်ဟု ယုံကြည်ပါသည်။

မင်္ဂလာအပေါင်းနှင့်ပြည့်စုံ၍ အစဉ်အမြဲလွတ်လပ်သော နီကာရာဂွာနိုင်ငံရှိ ပြည်သူများ၏ ချစ်ကြည်ရင်းနှီးမှုနှင့် ညီရင်းအစ်ကိုပမာ နွေးထွေးစွာနှုတ်ခွန်းဆက်သပါကြောင်း ပြောကြားလိုပါသည်။

**ဒန်နီရယ် အော်တီဂါ ဆာဗေဒရာ**    **ရိုဆာရီယို မူရီလို**

## ကချင်ပြည်နယ် မြစ်ကြီးနားလေဆိပ်၌ လေကြောင်းလိုင်းများဆင်းသက်မှု ရက်ပေါင်း ၄၀ ကျော် ရပ်နားထားခဲ့ရပြီး ဧပြီ ၄ ရက်မှစ၍ ပြန်လည်ပြေးဆွဲနေ

**မြစ်ကြီးနား   ဧပြီ   ၄**

ကချင်ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများ၏ လမ်းပန်းဆက်သွယ်ရေးတွင် အဓိကကျသည့် လေကြောင်းလိုင်းပြေးဆွဲမှုများကို ဖေဖော်ဝါရီ ၂၁ ရက်မှ စတင်၍ ရပ်နားထားခဲ့ရရာမှ ယနေ့(ဧပြီ ၄ ရက်) နံနက်ပိုင်းတွင် မြစ်ကြီးနားလေဆိပ်၌ ခရီးသည်တင်လေကြောင်းလိုင်းများ စတင်၍ ပြန်လည်ပြေးဆွဲနေပြီဖြစ်သည်။

ဖေဖော်ဝါရီ ၂၀ ရက် ည ၈ နာရီ ၁၂ မိနစ်ခန့်တွင် မြစ်ကြီးနားလေဆိပ်၌ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ဒရုန်းဖြင့် တိုက်ခိုက်မှုကြောင့် မြန်မာအမျိုးသားလေကြောင်းလိုင်းထိခိုက်မှုဖြစ်ပွားခဲ့သဖြင့်

**စာမျက်နှာ ၂၅ ကော်လံ ၄**






ရတနာပုံ
၂၀၂၆ ခုနှစ် မေ ၅ ရက်
အယ်ဒီတာ့အာဘော်

# ကူးသန်းသွားလာမှုနှင့် ကုန်စည်စီးဆင်းမှုတို့အတွက် ဘားအံ - ကော့ကရိတ် - မြဝတီလမ်းကြောင်း

မြန်မာနိုင်ငံတွင် အမြန်လမ်းမကြီး၊ ပြည်ထောင်စုလမ်းမကြီးများ၊ အဓိကလမ်းမကြီးများ၊ လမ်းခွဲငယ်များ၊ အာရှ/အာဆီယံ လမ်းမကြီးများသည် တိုင်းဒေသကြီးများနှင့် ပြည်နယ်များ၊ နယ်စပ်ဒေသများမှတစ်ဆင့် အိမ်နီးချင်းနိုင်ငံများ စသည်တို့ကို ချိတ်ဆက်ထားသည်။ နိုင်ငံတစ်ဝန်းတည်ဆောက်ဖောက်လုပ်ထားသည့် လမ်းမကြီးများမှာ အများပြည်သူကူးသန်းဆက်သွယ်သွားလာမှုနှင့် ကုန်စည်စီးဆင်းမှုတို့အတွက် အသက်သွေးကြောများဟု ဆိုနိုင်သည်။

ကုန်စည်စီးဆင်းမှုကောင်းမွန်ခြင်းသည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါလှသည်။ ကုန်ပစ္စည်းများထုတ်လုပ်ရာနေရာမှ ဈေးကွက်သို့ အချိန်မီနှင့်ထိရောက်စွာပို့ဆောင်နိုင်မှသာ အပျက်အစီး၊ အလေအလွင့်မရှိကုန်သွယ်နိုင်ပြီး စီးပွားရေးလုပ်ငန်းများလည်း ပိုမိုတိုးချဲ့နိုင်မည်ဖြစ်သည်။ ထို့ပြင် သယ်ယူပို့ဆောင်ရေးစနစ်များ မြန်ဆန်ကောင်းမွန်ခြင်းကြောင့် ကုန်ကျစရိတ်များလျှော့ချနိုင်ပြီး ကုန်ပစ္စည်းဈေးနှုန်းများကိုလည်း သင့်တင့်စေမည်ဖြစ်သည်။

ထို့ပြင် ကုန်စည်စီးဆင်းမှုကောင်းမွန်သည့်အခါ ပြည်တွင်းနှင့် ပြည်ပကုန်သွယ်ရေးလုပ်ငန်းများ ပိုမိုအဆင်ပြေချောမွေ့လာပြီး ရင်းနှီးမြှုပ်နှံမှုများလည်း ဝင်ရောက်လာနိုင်ကာ ဒေသခံများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုပေါ်ပေါက်လာစေသည်။ ထို့ကြောင့် ကုန်စည်စီးဆင်းမှုကို မြှင့်တင်ပေးခြင်းသည် နိုင်ငံ့စီးပွားရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝများတိုးတက်မှုကို အရှိန်မြှင့်တင်ပေးနိုင်မည်ပင်ဖြစ်သည်။

သို့သော် အကြမ်းဖက်သောင်းကျန်းသူများက ခရီးသွားပြည်သူများ သွားလာမှုတို့ကို နှောင့်ယှက်ဟန့်တားရန်၊ ကုန်စည်စီးဆင်းမှုများပျက်ပြားစေရန်ရည်ရွယ်၍ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် လမ်းမကြီးများထဲတွင် ကရင်ပြည်နယ်၏ အဓိကဆက်သွယ်ရေး လမ်းမကြီးဖြစ်သည့် ဘားအံ-ကော့ကရိတ်-မြဝတီလမ်းကြောင်းလည်း အပါအဝင်ဖြစ်သည်။ အဆိုပါလမ်းကြောင်းသည် ထိုင်းနိုင်ငံနှင့် ကုန်သွယ်မှုပမာဏ အများဆုံးစီးဆင်းရာဖြစ်ပြီး ဘားအံမြို့နယ် ဒူးရင်းဆိပ်ကျေးရွာမှ မြန်မာ-ထိုင်းချစ်ကြည်ရေး တံတားအမှတ် (၁) အထိ ၁၆၅ ဒသမ ၃၆ ကီလိုမီတာ ရှည်လျားသည်။

ယခုအခါ တပ်မတော်စစ်ကြောင်းများက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အဖျက်အမှောင့်လုပ်ငန်းများလုပ်ဆောင်နေကြသော အကြမ်းဖက်သောင်းကျန်းသူများကို ထိထိရောက်ရောက် ချေမှုန်းနိုင်ခဲ့ပြီး နယ်မြေစိုးမိုးမှုပြန်လည်ရရှိခဲ့ပြီးနောက် ပျက်စီးသွားသောလမ်း၊ တံတားများကို ပြည်ထောင်စု၊ ပြည်နယ်ရန်ပုံငွေများဖြင့် ပြန်လည်ပြုပြင်ပြီးစီးခဲ့သည်။ ထိုသို့ ကာလအတန်ကြာ ပိတ်ထားခဲ့သည့် နိုင်ငံတကာဆက်သွယ်ရေးလမ်းမကြီး၊ မဟာမဲခေါင်ဒေသ(ခွဲ) အရှေ့-အနောက် စီးပွားရေး စင်္ကြံလမ်းပိုင်းတွင် အစိတ်အပိုင်းတစ်ရပ်အဖြစ်ပါဝင်သော ဘားအံ-ကော့ကရိတ်-မြဝတီ အာရှလမ်းမကြီးကို ယခုနှစ် ဧပြီလ ၂ ရက်က အများပြည်သူများ အဆင်ပြေချောမွေ့စွာသွားလာနိုင်ရန်အတွက် နိုင်ငံတော်အစိုးရ၏စီစဉ်ကြီးကြပ်မှုဖြင့် ပြန်လည်ဖွင့်လှစ်ခဲ့သည်။ ထိုသို့ ပြန်လည်ဖွင့်လှစ်လိုက်သည့်အတွက် ဘားအံ - ကော့ကရိတ် - မြဝတီ လမ်းကြောင်းပေါ်တွင် အများပြည်သူတို့၏ ခရီးသည်တင်ယာဉ်များ၊ ကုန်ပစ္စည်းတင်ယာဉ်များ၊ အိမ်စီးကားများ ရာနှင့်ချီ၍ ဖြတ်သန်းသွားလာနေကြပြီဖြစ်သည်။

သို့ဖြစ်ရာ တပ်မတော်စစ်ကြောင်းများနှင့် ဒေသခံပြည်သူများပူးပေါင်း၍ အကြမ်းဖက်သောင်းကျန်းသူအဖျက်သမားများကို ရှင်းလင်းဖယ်ရှားကာ ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်ရေး၊ လူမှုစီးပွားဘဝများ ကောင်းမွန်ရေးအတွက် ဘားအံ - ကော့ကရိတ်-မြဝတီလမ်းကြောင်းကို ပြန်လည်ပြုပြင်ဖွင့်လှစ်ပေးနိုင်ခဲ့သည့်အတွက် ကုန်စည်စီးဆင်းမှုနှင့် ကူးသန်းဆက်သွယ်သွားလာမှု ပိုမိုကောင်းမွန်လာမည်ဖြစ်ရာ များစွာဝမ်းမြောက်ပီတိဖြစ်ရပါကြောင်း ရေးသားအပ်ပါသည်။

# ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နေကြာ ၇၈၀၃၁ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



မုံရွာ မေ ၄

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နေကြာ ၇၈၀၃၁ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာဧက ၈၃၆၄၀ ထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော နေကြာစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ယင်းမာပင်မြို့နယ်တွင် ၁၈၅၆၁ ဧက၊ ကနီမြို့နယ်တွင် ၁၁၂၈၈ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ဧက ၁၇၂၀၀၊ ပုလဲမြို့နယ်တွင် ၃၀၉၈၂ ဧက စုစုပေါင်း ၇၈၀၃၁ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၂၈ ဒသမ ၀၁ တင်း ထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်ခရိုင်မှာ နေကြာ ဧက ၈၃၆၄၀ ထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ နေကြာခင်းတွေ လက်ရှိအချိန်မှာ ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ၇၈၀၃၁ ဧက ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ ပြည်ပက တင်သွင်းတဲ့စားအုန်းဆီကိုလျှော့ချနိုင်ဖို့ ဆီထွက်သီးနှံဖြစ်တဲ့နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ပေးခဲ့ပါတယ်။ နေကြာတစ်ဧက ဆီထွက်ရှိမှုက ကျန်တဲ့ မြေပဲ၊ နှမ်းတွေထက် ပိုများပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါက်တာ တင်မာမာဦးက ပြောပြသည်။

နေကြာကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ တင်မာမာဦးက ပြောပြ၍ သိရသည်။

(၂၀၆)

# ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း တီလားဗီးယားငါး ပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



ညောင်တုန်း မေ ၄

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း တီလားဗီးယားငါး ပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ညောင်တုန်းမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်ဌေးက ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း တီလားဗီးယားငါး ပိဿာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ်လအတွင်း တီလားဗီးယားငါး ပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ ညောင်တုန်းမြို့နယ်မှ ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသထွက် ရေထွက်ကုန်ပစ္စည်းများကိုဝယ်ယူပြီး စနစ်တကျသန့်စင်ကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

''ညောင်တုန်းမြို့နယ်က တီလားဗီးယားငါးအပါအဝင် ရေထွက်ကုန်ပစ္စည်းတွေ ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေရပါတယ်။ ရန်ကုန်ဈေးကွက်ကလဲ တီလားဗီးယားငါးတွေ ဝယ်လိုအားကောင်းနေတာကြောင့် တင်ပို့အားကောင်းခဲ့တာပါ။ တီလားဗီးယားငါးတွေ တင်ပို့ရောင်းချနေရတာကြောင့် ရေလုပ်ငန်းနဲ့ ဆက်စပ်သူတွေ အဆင်ပြေနေပါတယ်''ဟု ညောင်တုန်းမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်ဌေးက ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း တင်ပို့ရောင်းချခဲ့သည့် တီလားဗီးယားငါး တစ်ပိဿာလျှင် ငွေကျပ် ၁၆၅၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

ကျော်ကျော်လင်း

# သာစည်မြို့နယ် ကပ်ကျေးအင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

သာစည် မေ ၄

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကပ်ကျေးအင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို မေ ၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကပ်ကျေးအင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၅၀ ဒသမ ၅၅ သန်းဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ကပ်ကျေးအင်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၃၇ ဦးကို ငွေကျပ် ၂၂ ဒသမ ၁၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၆၄ ဦးကို ငွေကျပ် ၂၈ ဒသမ ၄ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၁ ဦးကို ရန်ပုံငွေကျပ် ၅၀ ဒသမ ၅၅ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၃၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# နတ်တလင်းမြို့နယ် ရွာရှည်ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

**နတ်တလင်း မေ ၄**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် နတ်တလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို မေ ၃ ရက် နံနက်ပိုင်းက ရွာရှည်ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နတ်တလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဟိန်းဇော်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ်များကို မိတ်ဆက်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ ကျေးရွာသူ၊ ကျေးရွာသားများ၏ တာဝန်နှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများ၏ သဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းကော်မတီဝင် ကိုးဦးကို ရွေးချယ် ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ရွာရှည်ကျေးရွာ၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀ ဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း နတ်တလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အေးမြတ်**

# မြစ်သားမြို့နယ် မြိုင်ကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မြစ်သား မေ ၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြိုင်ကုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို မေ ၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြစ်သားမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်မာနှင့် အင်ဂျင်နီယာဝန်ထမ်းများက မြိုင်ကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီးစီးသည့် ကွန်ကရစ်လမ်းအား ရေရှည်တည်တံ့ကောင်းမွန်အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ မြိုင်ကုန်းကျေးရွာ၌ လမ်းအရှည် ပေ ၅၀၀ ၊ အကျယ် ၁၂ ပေ၊ အမြင့်ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို(VDP)ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင် ငွေကျပ် ၃ ဒသမ ၇၇ သန်း စုစုပေါင်း ရန်ပုံငွေကျပ် ၁၈ ဒသမ ၇၇ သန်း အသုံးပြု၍ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

# ဝက်လက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲကျားကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**ဝက်လက် မေ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲကျားကေအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကျားကေ ၆၆၈၀ ထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ပဲကျားစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင်ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၁၉ တင်းကျော် ထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ ဝက်လက်မြို့နယ်မှာ ပဲကျားကေ ၆၆၈၀ ထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲကျားခင်းတွေ လက်ရှိအချိန်မှာတော့ ကေအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲကျားစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်ရေး နည်းလမ်းတွေကို မြေပြင် ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဝက်လက်မြို့နယ်တွင် ပဲကျားစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အထွက်နှုန်းကောင်းမွန်ရေး၊ ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေးတို့ကို အသိပညာပေးခဲ့ကြောင်း သိရသည်။

ပဲကျားကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲကျားကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။ (၂၀၆)

# မိုင်းယန်းမြို့နယ် ပန်ဆောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မိုင်းယန်း မေ ၄**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယန်းခရိုင် မိုင်းယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပန်ဆောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို မေ ၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရန်ကျော်၊ မြို့နယ်ဦးစီးမှူး ဦးသက်လင်းထွန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ပန်ဆောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရသည့် စာရင်းဇယားများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးရန်ကျော်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ပန်ဆောင်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၀၀ ထုတ်ချေးပေးထားကြောင်း သိရသည်။

**အောင်ရဲကျော်**

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ကျားပျံစပါးတင်းရေ အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

**ဘိုကလေး မေ ၄**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ကျားပျံစပါးတင်းရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးမြတ်က ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ကျားပျံစပါးတင်းရေ ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ်လအတွင်း ကျားပျံစပါး တင်းရေ ၅၄၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့လအတွင်း ဘိုကလေးမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ကျားပျံစပါးတင်းရေ ၅၄၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဘိုကလေးမြို့နယ်က ဆန်စပါးတွေနဲ့ အခြားလယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ရောင်းချပါတယ်။ ကျားပျံ စပါးအမျိုးအစားက ဆန်ချောအုပ်စုထဲမှာပါပါတယ်။ ကျားပျံစပါးတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူတာများနေလို့ တင်ပို့အားတက်ခဲ့တာဖြစ်တယ်။ ကျားပျံစပါးကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်။ အခြားစပါးတွေနဲ့ယှဉ်ရင် ပြီးခဲ့တဲ့မတ်လအတွင်းမှာကော လတ်တလောအနေနဲ့ပါ ကျားပျံစပါးက အရောင်းအဝယ်ပိုဖြစ်နေပါတယ်"ဟု ဘိုကလေးမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးမြတ်က ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် မတ်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ကျားပျံစပါးတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၇၄၀၀၀၀ ထိပေါက်ဈေးရှိကြောင်း၊ အဆိုပါ စပါးများ အရောင်းအဝယ် ကောင်းလာသည့်အတွက် စပါးစိုက်တောင်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင် အခွင့်အလမ်းရရှိလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# မေးခွန်းများနှင့် စီးပွားရေး

**မျိုးသူ(ကုန်သွယ်မြှင့်)**

စကားပြောကြားခြင်းသည် လူတို့၏နေ့စဉ်ဘဝ၊ နေ့စဉ်လုပ်ငန်းဖြစ်သည်။ စကားမပြောဘဲနေ၍ မရသကဲ့သို့ မေးခွန်းမမေးဘဲလည်း လိုရာမရ၊ လိုရာမသိဖြစ်တတ်သည်။ ထို့ကြောင့် မေးခွန်းများသည် လူတိုင်း၊ အချိန်တိုင်းမေးနေရသည်။ အခြားသူကို မမေးလျှင်နေ၊ ကိုယ့်ဘာသာ ပြန်မေးနေရသည်များလည်းရှိသည်။ ငါလုပ်တာမှန်ရဲ့လား၊ ကောင်းရဲ့လား၊ လွဲများသွားသေးလား၊ မှန်ကန်တဲ့လုပ်ငန်းလား၊ မှန်တဲ့လမ်းကြောင်းလား စသည်ဖြင့် မေးနေကြရသည်။ မေးခွန်းများကို "ဘခြောက်လုံး"ဟု သတ်မှတ်ထားသည်။ အခြေခံအားဖြင့် ဘာလဲ၊ ဘယ်သူလဲ၊ ဘယ်နေရာလဲ၊ ဘယ်အချိန်လဲ၊ ဘယ်လိုလုပ်မလဲနှင့် ဘာကြောင့်လဲဟုဖြစ်သည်။ ဤခြောက်မျိုးတွင်ပင် ဘာလဲ၊ ဘယ်သူလဲ၊ ဘယ်နေရာလဲ၊ ဘယ်အချိန်လဲဆိုသည့် မေးခွန်းလေးမျိုးက အခြေခံဖြစ်ပြီး အခြားသူများ၊ အခြားလုပ်ငန်းကိစ္စများကို ပိုမိုကျယ်ကျယ်ပြန့်ပြန့် သိရှိရေးအတွက် မဖြစ်မနေလိုအပ်သည်။ ထို့နောက် ပို၍နက်ရှိုင်းပြီး လေးနက်သည့်အချက်များကို သိရှိရန်အတွက် ဘယ်လိုလဲနှင့် ဘာကြောင့်လဲဆိုသည့်မေးခွန်းများ လိုအပ်သည်။ ထိုနှစ်ခုကို ပါဝါမေးခွန်းများဟုပင် ခေါ်ဆိုနိုင်သည်။ မေးခွန်းများဖြင့် ဖောက်သည်များနှင့်ဆက်ဆံရေးပိုမိုကောင်းမွန်စေရန်၊ ဖောက်သည်များ၏လိုအပ်ချက်များကို ပိုမိုသိရှိစေရန်တို့ကို ပြုလုပ်နိုင်ပြီး ရေရှည်လုပ်ကိုင်ရမည့် ဈေးကွက်လိုအပ်ချက်၊ ဖောက်သည်များ၏ လိုအပ်ချက်နှင့် လိုအင်ဆန္ဒတို့ကို ပိုမိုသိရှိစေနိုင်သည်။ ထို့ကြောင့် မေးခွန်းများဖြင့် ပိုမိုကောင်းမွန်သော စီးပွားရေးလုပ်ငန်းများကို တည်ဆောက်နိုင်ကြသည်။

**အချက်အလက်ရှာဖွေခြင်းအဆင့်**

ဘာလုပ်နေလဲ၊ ဘာဖြစ်နေလဲ၊ ဘာက ရောင်းအားအကောင်းဆုံးလဲ၊ ဘယ်ဈေးဆိုင်က ရောင်းအား အကောင်းဆုံးလဲ၊ သူ့ဆိုင်မှာ ဘာပစ္စည်း ရောင်းအားအကောင်းဆုံးလဲ၊ ဘယ်နေရာက ဈေးကွက် ကောင်းမှာလဲ၊ ဘယ်အချိန်၊ ဘယ်ကာလမှာ ကုန်ကြမ်းပစ္စည်းဈေးပေါသလဲ စသည့်မေးခွန်းများသည် အချက်အလက်ရှာဖွေသည့် မေးခွန်းများဖြစ်ကြသည်။ ဤမေးခွန်းများ၏ ရည်ရွယ်ချက်သည် ဘာတွေဖြစ်နေလဲ၊ ဘာတွေလုပ်နေကြလဲဆိုသည့် အချက်အလက်များကို စုဆောင်းသည့်မေးခွန်းများဖြစ်ကြသည်။ အဆိုပါမေးခွန်းများ၏ အဓိက လုပ်ဆောင်ချက်မှာ အခြေအနေတစ်ခု၊ အခင်းအကျင်းတစ်ခုကို တည်ဆောက်ပေးခြင်းဖြစ်သည်။ ထိုမေးခွန်းအများစုသည် အဖြေတစ်မျိုးသာရှိနိုင်သဖြင့် နက်နဲစွာစဉ်းစားတွေးခေါ်ရသည့် အချက်အလက်မျိုးကို မပေးစွမ်းနိုင်ကြပေ။ သို့ရာတွင် အဆိုပါအချက်အလက်ရှာဖွေသည့်မေးခွန်းများဖြင့် ရရှိလာသော အချက်အလက်များကိုစုစည်းပြီး တည်ဆောက်သည့်အခါ သတင်းအချက်အလက်တစ်စုအဖြစ် ရရှိလာပြီး တန်ဖိုးတစ်ခုရရှိလာသည်။ အဆိုပါ သတင်းအချက်အလက်များပေါ်တွင် သင့်တော်သော ထပ်ဆင့်မေးခွန်းများဖြင့် ပိုမိုတန်ဖိုးကြီးမားသော သတင်းအချက်အလက်များကို ရရှိစေပြီး ထိုသတင်းအချက်အလက်များနှင့် သုံးသပ်ချက်များ၊ နှိုင်းယှဉ်ချက်များကို ပေါင်းစပ်သည့်အခါတွင် အရေးကြီးသော ကြိုတင်ခန့်မှန်းချက်များ၊ ဈေးကွက်သုံးသပ်ချက်များကိုရရှိနိုင်သည်။ အဆိုပါမေးခွန်းများကို မေးခြင်းဖြင့် အချိန်ကာလအလိုက် အပြောင်းအလဲများ၊ အချက်အလက်များကို ဖော်ထုတ်နိုင်သည်။

**နက်နဲစွာနားလည်ခြင်းအဆင့်**

အခြေခံသတင်းအချက်အလက်များကို ရရှိလာသည့်အခါတွင် ဘယ်လိုလဲ၊ ဘာကြောင့်လဲဆိုသည့် မေးခွန်းများဖြင့် အခြေခံအချက်အလက်များကို ကျော်လွန်၍ အကြောင်းရင်းများနှင့် လုပ်ဆောင်ပုံများ၊ အတွေးအခေါ်များကို ဖော်ထုတ်ခြင်း

**❖ မေးခွန်းများမေးရာတွင် တစ်ဖက်လူ စိတ်အနှောင့်အယှက်မဖြစ်သည့်အနေအထားမျိုးလိုအပ်သည်။ အထူးသဖြင့် ဖောက်သည်များကို မေးခွန်းများမေးသည့်အခါတွင် သူတို့ကိုနှောင့်ယှက်သည့်ပုံစံ၊ အမိန့်ပေးသည့်ပုံစံမျိုးမဖြစ်ရေးကိုလည်း သတိပြုရမည်ဖြစ်သည်။ အဓိကအားဖြင့် မေးခွန်းများမေးခြင်းသည် ဖောက်သည်ကိုယ်တိုင်ကပြောသည်ကို နားထောင်ရန်၊ ဖောက်သည်၏ ယုံကြည်စိတ်ချမှုကို ရရှိရန်ဖြစ်သည်။ မေးခွန်းနှင့်တွဲပြီး ဖောက်သည်များကို မိမိနှင့်မိမိလုပ်ငန်းက ဖောက်သည်များအကျိုးအတွက် မေးမြန်းရခြင်းဖြစ်သည်ကို သိရှိနားလည်နေရန် လိုအပ်သည်။ ❖**

လုပ်ဆောင်နိုင်သည်။ ဘာကြောင့်ဆိုသည့်မေးခွန်းကိုသုံးမည်ဆိုပါက အဓိကအကြောင်းရင်းကို ရှာသည့်အခါတွင် စီးပွားရေးလုပ်မည့်နေရာဒေသ၏ သတင်းအချက်အလက်၊ အသုံးပြုမည့်သူအကြိုက်ကို ကြိုတင်လေ့လာထားရမည်။ ထို့နောက် ဘယ်လိုထုတ်ကုန်ကို ရောင်းချမည်။ မည်သည့်လုပ်ငန်းစဉ်နှင့် စနစ်ဆောင်ရွက်မည်ကို နားလည်ရန် ကြိုးစားကြရမည်ဖြစ်သည်။

**မဟာဗျူဟာမြောက်အဆင့်**

ဤအဆင့်တွင် မူလ ဘခြောက်လုံးခေါ် 5Ws and one H. တို့ထက် ပိုမိုလေးနက်သော မေးခွန်းအမျိုးအစားဖြစ်လာသည်။ တကယ်လို့ဆိုရင်ကော What if? ဆိုသည့် မေးခွန်းမျိုးဖြစ်သည်။ ဤမေးခွန်းသည် အနာဂတ်လုပ်ဆောင်မည့်ကိစ္စများ၊ ရှေ့လုပ်ငန်းများနှင့် အယူအဆသစ်များ ရရှိလိုသည့်အတွက် မေးမြန်းကြခြင်းဖြစ်သည်။ ဥပမာ - စားသောက်ကုန်များကို ရောင်းချခြင်းအစား ရွှေရောင်းချခြင်းလုပ်ငန်းဘက်ကို ပြောင်းလဲလုပ်ကိုင်မည်ဆိုလျှင်ရော ဘယ်လိုဖြစ်လာနိုင်သလဲဟု စဉ်းစားခြင်းမျိုးဖြစ်သည်။ ဤကဲ့သို့ မေးခွန်းအမျိုးအစားများကို ဖြေကြားရမည်ဆိုပါက အချိန်ယူစဉ်းစားဖြေဆိုရမည်ဖြစ်သည်။

**အဆက်အသွယ်များကို ဖန်တီးခြင်း**

အဖြေများထက် မေးခွန်းများက စီးပွားရေးလုပ်ငန်းများအတွက် ပိုမိုကောင်းမွန်သော အဆက်အသွယ်ကိုရရှိစေနိုင်သည်။ ဖောက်သည်ရှာရာတွင်လည်း မေးခွန်းများမေး၍ ဖောက်သည်များ၏ စိတ်အခြေအနေ၊ လိုလားချက်များကို ကောင်းစွာရရှိစေနိုင်သည်။ မိမိသည် မေးခွန်းများမေးပြီး နားထောင်ပေးသူဖြစ်လျှင် လိုချင်သောသတင်းအချက်အလက်များ၊ ဖောက်သည်ကောင်းများကို ရရှိစေသည်။ လူအများစုသည် နားထောင်သူများမဖြစ်ကြဘဲ ပြောဆိုသူများသာဖြစ်ကြသည်။ ထို့ကြောင့် မေးခွန်းကောင်းကို မေးမြန်းတတ်သူများ ဖြစ်မလာသည်ကိုတွေ့ရသည်။ နားထောင်သူများသည်သာ မေးခွန်းမေးတတ်သူများဖြစ်သည်ဟုဆိုနိုင်သည်။ အမြော်အမြင်ရှိသော ဖြေကြားမှုမျိုးရရှိလာစေရန် မေးခွန်းကိုမေးတတ်ပါက ပိုမိုကောင်းမွန်သော ဆက်ဆံရေး၊ ပိုမိုရင်းနှီးသောဆက်ဆံရေးတို့ကို ရရှိစေသည်။ မေးခွန်းမေးရာတွင် အခြေအနေနှင့်အချိန်အခါကို ကြည့်၍ မှန်ကန်သော မေးခွန်းများမေးနိုင်ရန် အထူးအရေးကြီးသည်။ လူအများစုဝေးနေသည့် အခြေအနေမျိုးတွင် ပါဝါမေးခွန်းများက လေးလေးနက်နက် ဆွေးနွေးလာစေရန် ဆောင်ရွက်ပေးနိုင်သည်။

**ဖောက်သည်များကိုမေးခွန်းမေးခြင်း**

ဖောက်သည်များနှင့် ပြောဆိုရာတွင် မိမိကုန်ပစ္စည်းအကြောင်း၊ မိမိအကြောင်းများကိုသာပြောဆိုနေခြင်းထက် မဟာဗျူဟာမြောက် မေးခွန်းများကို မေးမြန်းခြင်းဖြင့် ဖောက်သည်များ၏ ကိုယ်ရေးကိုယ်တာများ၊ ကိုးကွယ်သည့်ဘာသာနှင့် စာပေအကြောင်းအရာများကို ဆွေးနွေးနိုင်ခဲ့သဖြင့် ဖောက်သည်အကြောင်းကိုပိုမိုနားလည်ပြီး ကိုယ်ချင်းစာတရားဖြင့် ဖောက်သည်ကျေနပ်မှုရှိစေရန်ထိ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း တွေ့ရှိရသည်။ ဖောက်သည်များကိုမေးခွန်းများမေးခြင်းဖြင့် ပိုမိုခိုင်မာသောလုပ်ငန်းဌာနကြီးကိုရရှိစေသည်။ မေးခွန်းများမေးရာတွင် တစ်ဖက်လူ စိတ်အနှောင့်အယှက်မဖြစ်သည့်အနေအထားမျိုးလိုအပ်သည်။ အထူးသဖြင့် ဖောက်သည်များကို မေးခွန်းများမေးသည့်အခါတွင် သူတို့ကို နှောင့်ယှက်သည့်ပုံစံ၊ အမိန့်ပေးသည့်ပုံစံမျိုးမဖြစ်ရေးကိုလည်း သတိပြုရမည်ဖြစ်သည်။ အဓိကအားဖြင့် မေးခွန်းများမေးခြင်းသည် ဖောက်သည်ကိုယ်တိုင်က ပြောသည်ကို နားထောင်ရန်၊ ဖောက်သည်၏ ယုံကြည်စိတ်ချမှုကို ရရှိရန်ဖြစ်သည်။ မေးခွန်းနှင့်တွဲပြီး ဖောက်သည်များကို မိမိနှင့်မိမိလုပ်ငန်းက ဖောက်သည်များအကျိုးအတွက် မေးမြန်းရခြင်းဖြစ်သည်ကို သိရှိနားလည်နေရန် လိုအပ်သည်။ နည်းဗျူဟာကျသည့် မေးခွန်းများသည် စီးပွားရေးလုပ်ငန်းအသစ်တစ်ခုကို အောင်မြင်မှုလမ်းကြောင်းပေါ်သို့ရောက်ရှိစေနိုင်သည်။ မေးခွန်းမှရလာသည့် အချက်အလက်များကို စုစည်းသုံးသပ်ခြင်းဖြင့် အရေးပါသော ဈေးကွက်ဆိုင်ရာသတင်းအချက်အလက်များကို ရရှိစေနိုင်သည်။ မေးပြီးလျှင် တက်တက်ကြွကြွ နားထောင်ခြင်းကို ဆောင်ရွက်ပေးသင့်သည်။ စာနာမှု၊ ကိုယ်ချင်းစာစိတ်ဖြင့် တက်တက်ကြွကြွ နားထောင်ပေးခြင်းဖြင့် ဖောက်သည်များနှင့် မိမိလုပ်ငန်းကြားရှိ အဖုအထစ်များရှိပါက လွယ်လွယ်ကူကူ ပြေလည်စေနိုင်သည်။

**ခေါင်းဆောင်မှုနှင့် အဖွဲ့၏ဆက်ဆံရေးတိုးမြှင့်စေခြင်း**

လုပ်ငန်းတစ်ခုတွင်ခေါင်းဆောင်မှုနှင့် အဖွဲ့အတွင်းဆက်ဆံရေးတိုးမြှင့်စေရန်အတွက် မေးခွန်းများဖြင့်ဆောင်ရွက်နိုင်သည်။ မေးမြန်းခြင်းများကို ပေါင်းစပ်၍ တိုးတက်ခြင်း၊ ဆန်းသစ်ခြင်းနှင့် ဆက်ဆံရေးကွန်ရက်တို့ကို တိုးမြှင့်အောင်ဆောင်ရွက်နိုင်သည်။ အဖွဲ့အတွင်းတွင်လည်း ခိုင်မာသော ဆက်ဆံရေးကို တိုးမြှင့်စေနိုင်သည်။ သို့ဖြစ်၍ အဖွဲ့ခေါင်းဆောင်များအနေဖြင့် မေးခွန်းများမေးမြန်းသည့်အခါတွင် စူးစမ်းမှုလည်း ရှိရမည်ဖြစ်သကဲ့သို့ လေးနက်မှုလည်းရှိရမည်။ လေးနက်သော မေးခွန်းများမေးခြင်းဖြင့် အဖွဲ့အတွင်း ချိတ်ဆက်မှုသည် ပိုမိုကောင်းမွန်လာမည်ဖြစ်သည်။ ထို့ပြင် တစ်ဦးနှင့်တစ်ဦးအလေးထားသည့် အကျင့်ကိုလည်း စွဲမြဲစေပြီး အဖွဲ့ဝင်အချင်းချင်း ပူးပေါင်းဆောင်ရွက်လိုစိတ်ကို မြင့်တက်စေသည်။ ခေါင်းဆောင်များအနေဖြင့် ဒါပဲလုပ်ဟု အမိန့်ပေးခြင်းအပြင် ဒါကို ဘယ်လိုလုပ်သင့်သလဲဟု အဖွဲ့အတွင်းမေးမြန်းခြင်းသည် ပူးပေါင်းဆောင်ရွက်လိုစိတ်နှင့် တာဝန်ယူမှု၊ တာဝန်ခံမှုကို တိုးတက်စေသည်။ အဓိပ္ပာယ်ပြည့်ဝသော မေးမြန်းမှုများမှတစ်ဆင့် ဆက်ဆံရေးကို ပိုမိုလေးနက်ခိုင်မာစေသည်။

လူမှုဆက်ဆံရေးကဏ္ဍတစ်ခုလုံးတွင် မေးခွန်းများသည်မရှိမဖြစ် ဆက်သွယ်ရေးကိရိယာဖြစ်သကဲ့သို့ ဆက်ဆံရေးနှင့် ယုံကြည်မှုကို တိုးမြှင့်စေသည့် နည်းလမ်းတစ်ခုလည်းဖြစ်သည်။ မေးခွန်းများ အားပျော့မှုမဖြစ်စေရေးအတွက် သတိပြုပြီး အားရှိသောမေးခွန်းများမေးမြန်းခြင်းဖြင့် တစ်ဖက်လူထံမှ လိုချင်သောအချက်အလက်နှင့် အမြင်များကို ကောင်းစွာသိရှိနိုင်ကာ မိမိလုပ်ငန်းအတွက် များစွာအထောက်အကူဖြစ်စေပြီး လုပ်ငန်းတိုးတက်မှုကို ရရှိစေနိုင်ကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

- Power Questions by Andrew Sobel and Jerold Panas


**မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ**

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်မမှန် စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလိုဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့ တင်ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုး လိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒ့ါအပြင် စက္ကန့် ၃၀မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ် တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ကြက်သွန်နီဧကအားလုံး ရာနှုန်းပြည့်နုတ်သိမ်းပြီးစီး



**စစ်ကိုင်း မေ ၄**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောကြက်သွန်နီ ဧကအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၁၈၁၄ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသောကြက်သွန်နီစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလ ဒုတိယပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့်နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ပိဿာချိန် ၄၀၀၀ ကျော် ထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ ကြက်သွန်နီ ၁၈၁၄ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ကြက်သွန်နီစိုက်ခင်းတွေ လက်ရှိအချိန်မှာတော့ ဧကအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ကြက်သွန်နီဈေးကွက်တွေ အရောင်းအဝယ်ကောင်းဖို့လဲ ချိတ်ဆက်ဆောင်ရွက်နေပါတယ်" ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကြက်သွန်နီစိုက်တောင်သူများ ဈေးကွက်ချိတ်ဆက်မှုများဆောင်ရွက်ပေးခြင်း၊ ကြက်သွန်နီကို ကြာရှည်စွာအထားခံနိုင်ရန်နည်းပညာပေးခြင်း၊GAPနည်းစနစ်ဖြင့်စိုက်ပျိုးနိုင်ရန်နှင့် အရည်အသွေးကောင်းမွန်သည့်ကြက်သွန်နီဖြစ်စေရန်အတွက် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကြက်သွန်နီကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ကြက်သွန်နီကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ကျောင်းကုန်းမြို့နယ်တွင် ကြက်ဟင်းခါးသီးများ အရောင်းအဝယ်ကောင်းမွန်နေ

**ကျောင်းကုန်း မေ ၄**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်တွင် ဒေသထွက် ကြက်ဟင်းခါးသီးများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ကျောင်းကုန်းမြို့နယ် ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးသူက ပြောပြ၍ သိရသည်။

ကျောင်းကုန်းမြို့နယ်တွင် ဒေသထွက် ကြက်ဟင်းခါးသီးများကို ယခုနှစ် မတ်လစတုတ္ထပတ်မှ ယနေ့ထိ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ကြက်ဟင်းခါးသီးများ တစ်ရက်လျှင် အလုံးရေ ၄၀၀၀၀ မှ ၅၅၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ကျောင်းကုန်းမြို့နယ်ကနေ ထွက်ရှိတဲ့ ကြက်ဟင်းခါးသီးတွေ အဝယ်လိုက်ပြီး အရောင်းအဝယ်ကောင်းလာပါတယ်။ ကြက်ဟင်းခါးသီးတွေကလဲ အရည်အသွေးကောင်းပါတယ်။ ကြက်ဟင်းခါးသီးတွေကို ဒေသဈေးကွက်နဲ့ အခြားဒေသ ကုန်စိမ်းဈေးကွက်က ဝယ်လက်တွေက အဝယ်များနေတာကြောင့် တောင်သူတွေ၊ ပွဲရုံပိုင်ရှင်တွေ အဆင်ပြေပါတယ်။ ဒေသထွက် ကြက်ဟင်းခါးသီးတွေက ပိုးမွှားကင်းရှင်းပါတယ်"ဟု ကျောင်းကုန်းမြို့နယ် ကုန်စိမ်းမျိုးစုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးသူက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်တွင် စိုက်ပျိုးထွက်ရှိပြီး အရောင်းအဝယ်ကောင်းမွန်နေသည့် ကြက်ဟင်းခါးသီးအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၃၂၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ဒေသထွက် ကြက်ဟင်းခါးသီးများနှင့် အခြားကုန်စိမ်းများကို ပုသိမ်၊ သာပေါင်း စသည့်ဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း ကျောင်းကုန်းမြို့နယ် ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးသူက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# လူမျိုးတစ်ရာ မျက်နှာစာသစ်

\- နိုင်ငံ့မျက်နှာစာသစ်
ထုဆစ်လို့ ပုံဖော်ရန်၊
ရုပ်သဏ္ဍာန် အလှအပ
စိတ်လှမကျန်၊
လက်တွဲလို့ ဖော်ဆောင်ရန်
ခိုင်ဒွန်စို့ ညီနောင်များ၊
လွှတ်တော်သစ် မျက်နှာစာထား
ပေါင်းစည်းကာ မနေမနား
ကိုယ်အားဉာဏ်အား။

\- အမျိုးသားနိုင်ငံရေး
ဟစ်ကြွေးလို့ ညီညီညာ၊
လမ်းညွှန်ရာ ဦးတည်ထား
သုံးပါးဝန်တာ၊
အစိုးရသစ် ပေါ်လွင်စွာ
ဦးဆောင်ကာ လျှောက်သွား၊
ဒီမိုကရေစီ အခြေခံထား
ပြည်ထောင်စုပေါ်ထင်ရှား
လူမျိုးတစ်ရာ စည်စည်ကား
ဝင့်ဝင့်ကြွားကြွား။ ။

**ကျော်စောဟန်**

# မင်းလှမြို့နယ် ဇီးတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းလှ မေ ၄**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဇီးတောကျေးရွာ၌ ၁၃ ကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို မေ ၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လှမျိုးသူက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း၊ စီမံကိန်းဆောင်ရွက်ခြင်းဖြင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ်အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းရန်ပုံငွေကျပ် ၉၄ ဒသမ ၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများ၏ ကြီးကြပ်မှုဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဇီးတောကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁၃ ဦးကို ငွေကျပ် ၆၈ ဒသမ ၈ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၃၇ ဦးကို ငွေကျပ် ၂၅ ဒသမ ၇ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ဦးရေ ၁၅၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၉၄ ဒသမ ၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချိုလေး**

# နိုင်ငံတကာ သတင်းများ

## အီတလီဝန်ကြီးချုပ် မီလိုနီ အရှေ့အလယ်ပိုင်းခရီးစဉ် စတင်



ရောမ ဧပြီ ၄

အီတလီဝန်ကြီးချုပ် ဂျော်ဂျီယာမီလိုနီသည် ကြိုတင်ကြေညာထားခြင်းမရှိဘဲ အရှေ့အလယ်ပိုင်းခရီးစဉ်ကို ဧပြီ ၃ ရက်တွင် စတင်ခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဖေဖော်ဝါရီ ၂၈ ရက်တွင် စတင်ဖြစ်ပွားခဲ့သော အရှေ့အလယ်ပိုင်းစစ်ရေးပဋိပက္ခကြောင့် နိုင်ငံတကာ စွမ်းအင်အကျပ်အတည်း တစ်ရပ် ပေါ်ထွက်နေချိန်တွင် အီတလီဝန်ကြီးချုပ် မီလိုနီက အရှေ့အလယ်ပိုင်း ခရီးစဉ်ကို စတင်ခဲ့ခြင်းဖြစ်သည်။

အရှေ့အလယ်ပိုင်း ခရီးစဉ်အတွင်း အီတလီဝန်ကြီးချုပ် မီလိုနီသည် ဆော်ဒီအာရေဗျနိုင်ငံသို့ ဦးစွာဝင်ရောက်မည်ဖြစ်ပြီး ဆော်ဒီအာရေဗျ ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။

အီတလီဝန်ကြီးချုပ် မီလိုနီသည် ဆော်ဒီအာရေဗျခရီးစဉ်ပြီးဆုံးချိန်တွင် ယူအေအီးနိုင်ငံသို့ ဆက်လက် သွားရောက်မည်ဖြစ်သည်။

အီရန်၏တိုက်ခိုက်မှုနှင့်ရင်ဆိုင်နေရသည့် အရှေ့အလယ်ပိုင်း မိတ်ဖက်နိုင်ငံများကို ထောက်ခံကြောင်းပြသသည့်အနေဖြင့် အရှေ့အလယ်ပိုင်းခရီးစဉ်ကို အီတလီဝန်ကြီးချုပ်က စတင်ခဲ့ခြင်းဖြစ်သည်။

အီတလီနိုင်ငံသည် အီရန်၏ တိုက်ခိုက်မှုများကို တုံ့ပြန်ရေးအတွက် ပင်လယ်ကွေ့အာရပ်နိုင်ငံများကို ကာကွယ်ရေးလက်နက်စနစ်များ ဖြည့်ဆည်းပေးလျက်ရှိကြောင်း သိရသည်။ Ref : RT

Trs : KKO

## ရုရှားသမ္မတနှင့် တူကီယဲသမ္မတတို့ ဖုန်းခေါ်ဆိုဆွေးနွေး



မော်စကို ဧပြီ ၄

ရုရှားသမ္မတပူတင်နှင့် တူကီယဲသမ္မတအာဒိုဂန်တို့သည် ဧပြီ ၃ ရက်တွင် ဖုန်းခေါ်ဆိုဆွေးနွေးမှုများပြုလုပ်ခဲ့ကြောင်း ကရင်မလင်နန်းတော်က သတင်းထုတ်ပြန်ထားသည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဧပြီ၃ရက်ဖုန်းခေါ်ဆိုဆွေးနွေးပွဲတွင် သမ္မတပူတင်နှင့် သမ္မတအာဒိုဂန်တို့သည် လက်ရှိဖြစ်ပွားဆဲ အရှေ့အလယ်ပိုင်းစစ်ရေးပဋိပက္ခကို အဓိကထားဆွေးနွေးခဲ့ကြကြောင်း ကရင်မလင်နန်းတော်သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

အမေရိကန်နှင့် အစ္စရေးနိုင်ငံတို့က အီရန်နိုင်ငံအား စစ်ရေးအရ တိုက်ခိုက်မှုကို တူကီယဲနိုင်ငံအနေဖြင့် သဘောမတူကြောင်း တူကီယဲသမ္မတ အာဒိုဂန်က ရုရှားသမ္မတပူတင်နှင့်ဆွေးနွေးစဉ် ပြောကြားခဲ့သည်။

သို့ရာတွင် အမေရိကန်နှင့် အစ္စရေးနိုင်ငံတို့၏ တိုက်ခိုက်မှုကို တုံ့ပြန်ရာတွင် အီရန်နိုင်ငံက အရှေ့အလယ်ပိုင်းဒေသတွင်း နိုင်ငံများအား တိုက်ခိုက်နေမှုကိုလည်း မိမိတို့လက်မခံကြောင်း တူကီယဲသမ္မတက ပြောကြားထားသည်။

ရုရှားနိုင်ငံသည်လည်း အစ္စရေးနှင့် အမေရိကန်နိုင်ငံတို့က အီရန်နိုင်ငံအား စစ်ရေးအရတိုက်ခိုက်မှုကို ကန့်ကွက်ထားပြီး ပဋိပက္ခကို အဆုံးသတ်ကြရန် တောင်းဆိုထားသည်။

တူကီယဲနိုင်ငံသည် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး) အဖွဲ့ဝင်နိုင်ငံဖြစ်သော်လည်း ရုရှားနိုင်ငံနှင့် ဆက်ဆံရေးခိုင်မာအားကောင်းသော နိုင်ငံဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

## ပြင်သစ်သင်္ဘောတစ်စီးနှင့် ဂျပန်သင်္ဘောတစ်စီး ဟော်မုဇ်ရေလက်ကြားကို ဖြတ်သန်းခွင့်ရ

ပဲရစ် ဧပြီ ၄

အရှေ့အလယ်ပိုင်း စစ်ရေးပဋိပက္ခကာလ တစ်လျှောက် ပထမဆုံးအကြိမ်အဖြစ် ပြင်သစ်ကုန်သေတ္တာတင်သင်္ဘောတစ်စီး၊ ဂျပန်ကုန်တင်သင်္ဘောတစ်စီးတို့ ဟော်မုဇ်ရေလက်ကြားကို ဖြတ်သန်းနိုင်ခဲ့ကြောင်း ဧပြီ ၃ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ရေနံနှင့်သဘာဝဓာတ်ငွေ့များအတွက် အရေးပါသောကုန်သွယ်ရေးလမ်းကြောင်း ဖြစ်သည့် ဟော်မုဇ်ရေလက်ကြား ရေကြောင်းလမ်းများမှာ အရှေ့အလယ်ပိုင်း စစ်ရေးပဋိပက္ခ စတင်ခဲ့သည့် ဖေဖော်ဝါရီ ၂၈ ရက်မှစ၍ ပိတ်ခဲ့ရသည်။

သို့ရာတွင် ပြင်သစ်ကုန်သေတ္တာတင်သင်္ဘောတစ်စီး၊ ဂျပန်ကုန်သေတ္တာတင် သင်္ဘောတစ်စီးတို့မှာ ဧပြီ ၂ ရက်တွင် ဟော်မုဇ်ရေလက်ကြားကို ဖြတ်ကျော်နိုင်ခဲ့ကြောင်း သင်္ဘောခရီးစဉ်စောင့်ကြည့်ရေး သတင်းဝက်ဘ်ဆိုက်များ၏ အဆိုအရသိရသည်။

အရှေ့အလယ်ပိုင်း စစ်ရေးပဋိပက္ခစတင်ခဲ့ပြီးနောက် ဟော်မုဇ်ရေလက်ကြားကို သင်္ဘောအနည်းငယ်မျှသာ ဖြတ်ကျော်နိုင်ခဲ့သည်။

ဧပြီ ၂ ရက်တွင် ဟော်မုဇ်ရေလက်ကြားကိုဖြတ်သန်းခဲ့သည့် သင်္ဘောနှစ်စီးအနက် ဆိုဟာအယ်လ်အင်န်ဂျီသဘာဝဓာတ်ငွေ့ရည်တင်သင်္ဘောမှာ ဟော်မုဇ်ရေလက်ကြားကို ဖြတ်သန်းနိုင်ခဲ့သော ပထမဆုံးဂျပန်သင်္ဘောဖြစ်သည်။

အရှေ့အလယ်ပိုင်း စစ်ရေးပဋိပက္ခ စတင်ခဲ့ပြီးနောက် ဟော်မုဇ်ရေလက်ကြားကို ပထမဆုံးဖြတ်သန်းခဲ့သည့် သင်္ဘောမှာ ဟောင်ကောင် မှတ်ပုံတင်သင်္ဘောတစ်စီးဖြစ်ပြီး မတ် ၁ ရက်တွင် ထွက်ခွာနိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ Ref : Xinhua

Trs : KKO

## အမေရိကန်တိုက်လေယာဉ်တစ်စင်း အီရန်နိုင်ငံ၌ ပစ်ချခံရ

ဝါရှင်တန် ဧပြီ ၄

အမေရိကန် လေတပ်မှ အက်ဖ်-၁၅ အီး တိုက်လေယာဉ်တစ်စင်း ဧပြီ ၃ ရက်က အီရန်နိုင်ငံ၌ ပစ်ချခံခဲ့ရကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ တိုက်လေယာဉ်ပေါ်၌ လိုက်ပါလာသည့် လေယာဉ်မှူးနှစ်ဦးမှာ လေယာဉ်မှခုန်ထွက်နိုင်ခဲ့သော်လည်း တစ်ဦးကိုသာ ပြန်လည်ကယ်ဆယ်နိုင်ခဲ့ကြောင်း အမေရိကန်အစိုးရ တာဝန်ရှိသူများက ပြောကြားထားသည်။

အက်ဖ်-၁၅အီး တိုက်လေယာဉ်မှူးနှစ်ဦးအနက် တစ်ဦးမှာ လေယာဉ်မှ ခုန်ထွက်ခဲ့ပြီးနောက် ပျောက်ဆုံးနေဆဲ ဖြစ်ကြောင်း အမေရိကန်အစိုးရတာဝန်ရှိသူများ၏ အဆိုအရ သိရသည်။

လက်ရှိတွင် ပျောက်ဆုံးနေသည့် လေယာဉ်မှူးကို ကယ်တင်နိုင်ရန် အမေရိကန်တပ်မတော်က ကြိုးပမ်းနေသကဲ့သို့ အီရန်နိုင်ငံကလည်း ၎င်းကိုရှာဖွေတွေ့ရှိရန် ကြိုးပမ်းလျက် ရှိကြောင်း သိရသည်။

အက်ဖ်-၁၅ အီး တိုက်လေယာဉ်ပစ်ချခံရမှုသည် ရက်သတ္တ ငါးပတ်နီးပါး ကြာမြင့်လာပြီဖြစ်သည့် အီရန်စစ်ရေးပဋိပက္ခကာလ တစ်လျှောက် အမေရိကန်စစ်လေယာဉ်တစ်စင်း ပထမဆုံးအကြိမ် အီရန်နိုင်ငံ၌ပစ်ချခံရမှု ဖြစ်သည်။

အလားတူ ဧပြီ ၃ ရက်မှာပင် အီရန်နိုင်ငံ၏ ပစ်ချမှုကြောင့် ကူဝိတ်နိုင်ငံ၌ အမေရိကန်လေတပ်မှ အေ-၁၀ တိုက်လေယာဉ်တစ်စင်း ပျက်ကျခဲ့ပြီး လေယာဉ်မှူးမှာ အသက်ကယ်လေထီး စနစ်ဖြင့် ခုန်ထွက်နိုင်ခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## စွမ်းအင်သုံးစွဲမှုချွေတာရေးအတွက် ရုံးဝန်ထမ်းများ၏နေ့စဉ်အလုပ်ချိန်ကို တစ်နာရီလျှော့ချရန် ဘင်္ဂလားဒေ့ရှ်အစိုးရညွှန်ကြား




ဒါကာ ဧပြီ ၄

ကမ္ဘာ့ရေနံဈေးကွက်၌ ရေနံဈေးနှုန်းများ မြင့်တက်လာချိန်တွင် စွမ်းအင် ချွေတာသုံးစွဲနိုင်ရေးအတွက် ဝန်ထမ်းများ၏ နေ့စဉ်အလုပ်ချိန်ကို တစ်နာရီလျှော့ချရန် ဘင်္ဂလားဒေ့ရှ်အစိုးရက ဧပြီ ၃ ရက်တွင် ညွှန်ကြားချက်ထုတ်ပြန်ထားကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဘင်္ဂလားဒေ့ရှ် နိုင်ငံသည် လက်ရှိဖြစ်ပွားဆဲ အရှေ့အလယ်ပိုင်းစစ်ရေးပဋိပက္ခ၏ နောက်ဆက်တွဲ အကျိုးဆက်အဖြစ် လောင်စာဆီနှင့် သဘာဝဓာတ်ငွေ့ ရှားပါးပြတ်လပ်မှု ပြဿနာနှင့် ရင်ဆိုင်နေရသည်။

စွမ်းအင်သုံးစွဲမှု ချွေတာရေးအစီအစဉ်အရ နိုင်ငံတစ်ဝန်းရှိ အစိုးရရုံးများ၊ ပုဂ္ဂလိကကုမ္ပဏီရုံးများ၊ ဘဏ်များအနေဖြင့် ဧပြီ ၃ ရက်မှစ၍ ဝန်ထမ်းများ၏အလုပ်ချိန်ကို တစ်နာရီလျှော့ချ၍ နံနက် ၉ နာရီမှ ညနေ ၄ နာရီထိသာ ရုံးများဖွင့်ရန် ဘင်္ဂလားဒေ့ရှ်အစိုးရက ညွှန်ကြားထားသည်။

ထို့ပြင် စွမ်းအင်သုံးစွဲမှုချွေတာရေးအစီအစဉ်အရ လက်ထပ်မင်္ဂလာပွဲများ၌ လျှပ်စစ်မီးများထွန်းညှိမှုကိုလည်း ဘင်္ဂလားဒေ့ရှ်အစိုးရက ပိတ်ပင်ထားကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် နိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ လိုအပ်ချက် စုစုပေါင်း၏ ၉၅ ရာခိုင်နှုန်းကို ပြည်ပနိုင်ငံများ အထူးသဖြင့် အရှေ့အလယ်ပိုင်းဒေသနိုင်ငံများမှ ဝယ်ယူတင်သွင်းနေရခြင်းဖြစ်သည်။

ထို့ပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံက ထုတ်လုပ်နိုင်သည့် လျှပ်စစ်ဓာတ်အားပမာဏစုစုပေါင်း၏ ၆၀ ရာခိုင်နှုန်းမှာလည်း အရှေ့အလယ်ပိုင်းဒေသ သဘာဝဓာတ်ငွေ့များမှ ထုတ်လုပ်နေရခြင်း ဖြစ်ကြောင်း သိရသည်။ Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## ဥရောပအာကာသအေဂျင်စီ၏ ဂြိုဟ်တုနှစ်စင်းကို အီလက်ထရွန်နစ်ဒုံးပျံဖြင့် Rocket Lab ကုမ္ပဏီ လွှတ်တင်



ဝါရှင်တန် မေ ၄

အမေရိကန်နိုင်ငံ အခြေစိုက် Rocket Lab ကုမ္ပဏီသည် ဥရောပအာကာသအေဂျင်စီ၏ တည်နေရာနှင့်လမ်းကြောင်းပြ ဂြိုဟ်တုငယ်နှစ်စင်းကို အီလက်ထရွန်ဒုံးပျံဖြင့် မေ ၂ ရက်တွင် အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း မေ ၃ ရက် သတင်းများအရ သိရသည်။

ဥရောပအာကာသအေဂျင်စီ၏ Celeste အမျိုးသားတည်နေရာနှင့် လမ်းကြောင်းပြဂြိုဟ်တု နှစ်စင်း သယ်ဆောင်ထားသော အီလက်ထရွန်ဒုံးပျံကို နယူးဇီလန်နိုင်ငံမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး မကြာမီမှာပင် အီလက်ထရွန်ဒုံးပျံသည် Celeste ဂြိုဟ်တုနှစ်စင်းကို ကမ္ဘာမြေပြင်အထက် အမြင့် ၃၁၇ မိုင်အကွာရှိ ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့သည်ဟု Rocket Lab ကုမ္ပဏီက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

Celeste ဂြိုဟ်တုများသည် ဥရောပ အာကာသအေဂျင်စီ၏ ပထမဆုံး ကမ္ဘာပတ်လမ်းအနိမ့်ပိုင်းတည်နေရာနှင့် လမ်းကြောင်းပြဂြိုဟ်တုများ ဖြစ်ကြကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

# HEALTH

## Dementia ရောဂါကို ရောဂါလက္ခဏာများ မပေါ်မီ သွေးစစ်နည်းတစ်မျိုးဖြင့် ဖော်ထုတ်နိုင်

လန်ဒန် မေ ၄

ရိုးစင်းသည့် သွေးစစ်နည်းတစ်မျိုးသည် ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုရောဂါ(Dementia) ကို ရောဂါလက္ခဏာများ မပေါ်မီ ကြိုတင်ဖော်ထုတ်နိုင်ကြောင်း မေ ၃ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဗြိတိန်နိုင်ငံ အရှေ့အင်ဂျလီယာတက္ကသိုလ်မှ သုတေသနပညာရှင်များ ဖန်တီးထားသော အထက်ပါ သွေးစစ်နည်းသည် အစာခြေလမ်းကြောင်းစနစ်ဘက်တီးရီးယားနှင့် အစားအစာများဆက်စပ်နေသောဓာတုပစ္စည်းများကို စစ်ဆေးခြင်းဖြင့် Dementia ရောဂါကို ဖော်ထုတ်ပေးနိုင်သည်။

ဗြိတိန်သုတေသနပညာရှင်များသည် အဆိုပါသွေးစစ်နည်းကို အသက် ၅၀ ကျော်အထက် လူပေါင်း ၁၅၀ တို့နှင့် လက်တွေ့စမ်းသပ်မှုများ ပြုလုပ်ခဲ့သည်။

အဆိုပါစမ်းသပ်မှုမှ ပေါ်ထွက်လာသည့် ရလဒ်များအရ အထက်ပါ သွေးစစ်နည်းသည် Dementia ရောဂါဖြစ်နိုင်ခြေရှိသူများကို ၈၀ ရာခိုင်နှုန်းအထက် တိကျစွာဖော်ထုတ်ပေးနိုင်ကြောင်း၊ Dementia ရောဂါသည် တစ်ကမ္ဘာလုံးအတိုင်းအတာအရ လူပေါင်း ၅၅ သန်းကျော်ခံစားနေရသည့် ကျန်းမာရေးပြဿနာဖြစ်ပြီး ၂၀၅၀ ပြည့်နှစ်အရောက်တွင် Dementia လူနာ ၁၃၉ သန်းထိရှိလာနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုအရ သိရသည်။

Ref : Sputnik News

Trs : KKO

## C/ 2026 A1 ကြယ်တံခွန် မေ ၅ ရက်တွင် နေကိုအနီးဆုံးမှတ်မှဖြတ်ကျော်မည်

ဝါရှင်တန် မေ ၄

C/ 2026 A1 ကြယ်တံခွန်သည် မေ ၅ ရက်တွင် နေကိုအနီးဆုံးမှတ်မှ ဖြတ်ကျော်ပျံသန်းမည်ဖြစ်ကြောင်း အမေရိကန်သိပ္ပံပညာရှင်များ၏အဆိုကိုကိုးကား၍ မေ ၃ ရက် သတင်းများအရ သိရသည်။

C/ 2026 A1 ကြယ်တံခွန်သည် မေ ၅ ရက်တွင် နေမျက်နှာပြင်အထက် မိုင်ပေါင်း ၁၀၁၀၀၀ အကွာမှတစ်ဆင့် ဖြတ်ကျော်ပျံသန်းမည်ဖြစ်ကြောင်း အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ) သိပ္ပံပညာရှင်များက ပြောကြားသည်။

ထိုသို့ဖြတ်ကျော်ပျံသန်းချိန်တွင် C/ 2026 A1 ကြယ်တံခွန်၏ အမြန်နှုန်းမှာ တစ်စက္ကန့်လျှင် ၃၂၂ မိုင်ထိရှိနိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။


နေကိုအနီးဆုံးမှတ်မှ ဖြတ်ကျော်စဉ် C/ 2026 A1 ကြယ်တံခွန်၏ အလင်းအားမြင့်တက်လာနိုင်ရာ အဆိုပါကြယ်တံခွန်ကို နေ့ခင်းပိုင်းမှာပင် မြင်တွေ့နိုင်ဖွယ်ရှိကြောင်း သိပ္ပံပညာရှင်များက တွက်ချက်ထားသည်။

သို့ရာတွင် အဆိုပါကြယ်တံခွန်သည် နေကိုအနီးဆုံးမှတ်မှ ဖြတ်ကျော်ပျံသန်းချိန်တွင် အချိန်မရွေး ပြိုကွဲသွားနိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

C/ 2026 A1 ကြယ်တံခွန်ကို ယခုနှစ် ဇန်နဝါရီ ၁၃ ရက်တွင် အမေရိကန် သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



## အဝလွန်မှုပြဿနာကြောင့် ကင်ဆာရောဂါဖြစ်နိုင်ခြေက မူလမျှော်လင့်ထားသည်ထက် ပို၍မြင့်မား

ဘာလင် မေ ၄

အဝလွန်မှုပြဿနာကြောင့် ကင်ဆာရောဂါ ဖြစ်နိုင်ခြေမှာ မူလမျှော်လင့်ထားသည်ထက် ပို၍ မြင့်မားကြောင်း သုတေသနပညာရှင်များ၏အဆိုကိုကိုးကား၍ မေ ၃ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဂျာမနီသုတေသနပညာရှင်များသည် လူဦးရေပေါင်း ၄၅၈၆၆၀ တို့၏ ကျန်းမာရေးအချက်အလက်များကို အချိန်ယူစောင့်ကြည့်လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ လေ့လာချက်တွင်ပါဝင်သူများကြား အစာခြေလမ်းကြောင်းစနစ် ကင်ဆာရောဂါများဖြစ်ပွားမှု ၁၇ ဒသမ ၇ ရာခိုင်နှုန်းမှာ အဝလွန်မှုနှင့်ဆက်စပ်နေသည်ကိုတွေ့ရကြောင်း ဂျာမနီသုတေသနပညာရှင်များက ပြောကြားသည်။

ထို့ပြင် အဝလွန်မှုပြဿနာသည် အူမကြီးကင်ဆာရောဂါဖြစ်နိုင်ခြေ ၅၅ ရာခိုင်နှုန်းမြင့်တက်လာနိုင်မှုနှင့် ဆက်စပ်နေကြောင်းလည်း ဂျာမနီသုတေသနပညာရှင်များက ဖော်ထုတ်တွေ့ရှိခဲ့သည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ အဝလွန်မှုပြဿနာနှင့်ကင်ဆာရောဂါများ ဖြစ်နိုင်ခြေတို့ကြား ဆက်စပ်မှုမှာ ယခင်တွေးထင်ခဲ့ကြသည်ထက်ပိုအားကောင်းသည်ကိုတွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ဂျာမနီ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ကိုယ်ခန္ဓာ ဒြပ်ထုအညွှန်းကိန်း (ဘီအမ်အိုင်) ၂၅ မရှိမီမှာပင် ကင်ဆာရောဂါများ ဖြစ်နိုင်ခြေ စတင်လာတတ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



## Space Pioneer ကုမ္ပဏီက တီယန်လောင်း-၃ ဒုံးပျံမစ်ရှင်ကို ပထမဆုံးလွှတ်တင်ရာ အောင်မြင်မှုမရှိခဲ့



ပေကျင်း မေ ၄

တရုတ်နိုင်ငံအခြေစိုက် Space Pioneer ကုမ္ပဏီသည် တီယန်လောင်း-၃ အမည်ရှိ ဒုံးပျံကို မေ ၃ ရက်တွင် ပထမဆုံးအကြိမ်အဖြစ် စမ်းသပ်လွှတ်တင်ခဲ့ရာ အောင်မြင်မှုမရှိခဲ့ကြောင်း သိရသည်။

Space Pioneer ကုမ္ပဏီသည် တီယန်လောင်း-၃ ဒုံးပျံကို တရုတ်နိုင်ငံအနောက်မြောက်ပိုင်း ချိကွမ်ဂြိုဟ်တု လွှတ်တင်ရေးစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်မှုမှာ ကနဦးတွင် အောင်မြင်ခဲ့သော်လည်း တီယန်လောင်း-၃ ဒုံးပျံအနေဖြင့် သတ်မှတ်ပတ်လမ်းအမြင့်သို့မရောက်မီ စနစ်ဖောက်ပြန်မှုတစ်ရပ်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

တီယန်လောင်း-၃ ဒုံးပျံသည် အမေရိကန်နိုင်ငံ အခြေစိုက် စပေ့စ်အိတ်ကုမ္ပဏီ၏ ဖယ်ကွန်-၉ ဒုံးပျံကဲ့သို့ အကြိမ်ကြိမ် ပြန်လည်အသုံးချနိုင်ရန် ပုံစံထုတ် တည်ဆောက်ထားသည့် အကြီးစား ဒုံးပျံယာဉ်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် တီယန်လောင်း-၃ ဒုံးပျံစနစ်ဖောက်ပြန်မှုပြဿနာကို Space Pioneer ကုမ္ပဏီကျွမ်းကျင်သူများက စုံစမ်းစစ်ဆေးလျက်ရှိသည်ဟု တရုတ်နိုင်ငံအခြေစိုက် Space Pioneer ကုမ္ပဏီက ထုတ်ပြန်ထားကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## နိုင်ငံတကာ အားကစားသတင်းများ

# IBF စထရောဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်ကို ဖိလစ်ပိုင်လက်ဝှေ့သမား ပက်ဒရို ကာကွယ်နိုင်ခဲ့



**တီမီကူလာ ဧပြီ ၄**

IBF စထရောဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ် ကာကွယ်ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံ ဖိလစ်ပိုင်လက်ဝှေ့သမား ပက်ဒရိုနှင့် စိန်ခေါ်သူ မက္ကဆီကိုလက်ဝှေ့သမား ဂတ်စတာဗိုတို့ အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် တီမီကူလာမြို့၌ ယနေ့တွင် ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ ပက်ဒရိုက ဒိုင်ပွဲရပ်ရလဒ်ဖြင့် အနိုင်ရပြီး လက်ရှိချန်ပီယံခါးပတ်ကိုကာကွယ်နိုင်ခဲ့ကြောင်း Boxing Scene သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ပထမအချီမှစ၍ အပြန်အလှန် ဖိအားပေး ထိုးသတ်ခဲ့ကြပြီး ခြောက်ချီမြောက်တွင် ပက်ဒရိုသည် ဂတ်စတာဗိုကို လဲကျအောင် ထိုးသတ်နိုင်ခဲ့သော်လည်း ဂတ်စတာဗိုက အရှုံးမပေးဘဲ ဆက်လက် ထိုးသတ်ယှဉ်ပြိုင်ခဲ့သည်။

ခုနစ်ချီမြောက်တွင်မူ ပက်ဒရိုက ဂတ်စတာဗိုကို ထပ်မံလဲကျအောင် ထိုးသတ်နိုင်ခဲ့ပြီးနောက် တစ်ဖက်သတ် ဖိအားပေးခံနေရသည့် ဂတ်စတာဗိုအနေဖြင့် အန္တရာယ်ရှိသည့်အတွက် ကြိုးဝိုင်းဒိုင်က ဒိုင်ပွဲရပ်ရလဒ်ဖြင့် ပက်ဒရိုကို အနိုင်ပေးခဲ့သည်။

ပက်ဒရိုက "လက်ရှိချန်ပီယံခါးပတ်ကို အကောင်းဆုံးပုံစံနဲ့ ကာကွယ်နိုင်ခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်။ ဒီစိန်ခေါ်ပွဲဟာ ခက်ခဲတဲ့ပွဲစဉ်တစ်ပွဲဖြစ်ပါတယ်။ ပထမအချီစတာနဲ့ တောက်လျှောက်ကို အပြန်အလှန် ထိုးသတ်ခဲ့ကြပါတယ်။ ဂတ်စတာဗိုအနေနဲ့ ကမ္ဘာ့ချန်ပီယံခါးပတ်ကို လိုချင်ကြောင်း တရားဝင် ပြောကြားထားသလို အကောင်းဆုံး ပြင်ဆင်လာခဲ့တာလဲ တွေ့ရပါတယ်။ ကျွန်တော့်အနေနဲ့ ခက်ခဲတဲ့ပြိုင်ဘက်ကို အနိုင်ယူပြီး တတိယမြောက် လက်ရှိချန်ပီယံ ကာကွယ်ပွဲစဉ်ကို ရလဒ်ကောင်းနဲ့ အနိုင်ရခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Boxing Scene**

**Trs : AZL**

# မိုနာကိုအသင်းမှ အာကလီအူချ်ကို လီဗာပူးအသင်း ခေါ်ယူမည်ဟုကြေညာ

**လန်ဒန် ဧပြီ ၄**

လီဗာပူးအသင်းသည် ယခုနှစ်ဘောလုံးရာသီအကုန်တွင် အသင်းမှထွက်ခွာမည့် တိုက်စစ်ကစားသမား ဆာလာဟ်နေရာတွင်အစားထိုးရန် မိုနာကိုအသင်းမှ တိုက်စစ်ကစားသမား အာကလီအူချ်ကို ခေါ်ယူမည်ဖြစ်ကြောင်း ကြေညာခဲ့သည်ဟု Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၂ နှစ်ရှိ အာကလီအူချ်သည် တောင်ပံတိုက်စစ်၊ ကွင်းလယ်တိုက်စစ်နေရာတို့တွင် စွမ်းဆောင်ရည်ပိုင်းနှင့် နည်းစနစ်ပိုင်းကျွမ်းကျင်သည့် ကစားသမားတစ်ဦး ဖြစ်သည့်အတွက် လီဗာပူးအသင်းက အသင်းမှထွက်ခွာမည့် ဆာလာဟ်၏နေရာတွင် အကောင်းဆုံးအစားထိုးနိုင်မည်ဟု ယုံကြည်နေခြင်းဖြစ်သည်။

အာကလီအူချ်သည် ယခုနှစ်ဘောလုံးရာသီတွင်မိုနာကိုအသင်းနှင့်အတူ ပြိုင်ပွဲစုံ ၃၆ ပွဲ ပါဝင်ကစားခဲ့ရာ သွင်းဂိုးခုနစ်ဂိုးနှင့် ဂိုးဖန်တီးမှုခုနစ်ကြိမ် ပြုလုပ်ထားသဖြင့် ပရီးမီးယားလိဂ်ကလပ် နယူးကာဆယ် အသင်းကလည်း လီဗာပူးအသင်းနှင့် အပြိုင်ခေါ်ယူရန်ပြင်ဆင်နေသည်။

လက်ရှိ နည်းပြစလော့၏ လီဗာပူးအသင်းတွင် ကွင်းလယ်တိုက်စစ်နှင့် တိုက်စစ်မှူးတို့ကို ပံ့ပိုးပေးနိုင်သည့် ကစားသမားနည်းပါးနေပြီး ဆာလာဟ် ခြေစွမ်းမပြသနိုင်ပါက ဂိုးရရှိရန် ရုန်းကန်နေရသဖြင့် အာကလီအူချ်သည် နည်းပြစလော့၏ လိုအပ်ချက်နှင့် ကိုက်ညီနေသည့်အတွက် လီဗာပူးအသင်း တာဝန်ရှိသူများက အနာဂတ်စီမံကိန်းတွင် ထည့်သွင်းကာ ခေါ်ယူမည်ဟုကြေညာခဲ့ကြောင်း သိရသည်။

**Ref : Fotmob**

**Trs : ML**



# လက်ရှိချန်ပီယံ ပီဂူလာက Credit One Charleston Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်ကို တက်ရောက်

**ချာလက်စတန် ဧပြီ ၄**

အမေရိကန်နိုင်ငံ တောင်ကာရိုလိုင်းနားပြည်နယ် ချာလက်စတန်မြို့တွင် ကျင်းပနေသည့် Credit One Charleston Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်တစ်ပွဲအဖြစ် လက်ရှိချန်ပီယံ အမေရိကန်တင်းနစ်မယ် ပီဂူလာနှင့် ရုရှားတင်းနစ်မယ် ရှနိုင်ဒါတို့ ယှဉ်ပြိုင်ခဲ့ရာ ပီဂူလာက (၃-၆ ၊ ၆-၃ ၊ ၆-၂) ရလဒ်ဖြင့် အနိုင်ရပြီး ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း WTA သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ပီဂူလာသည် Credit One Charleston Open တင်းနစ်ပြိုင်ပွဲကို ဒုတိယအဆင့်မှ စတင်ယှဉ်ပြိုင်ခဲ့ရပြီး ထူးခြားမှုတစ်ရပ်အနေဖြင့် ဒုတိယအဆင့်မှ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်သည့်ထိ ပွဲစဉ်တိုင်းတွင် ပထမပွဲငယ်၌ ရှုံးနိမ့်ကာ နောက်မှလိုက်ကစားခဲ့ရပြီးမှ အနိုင်ရခဲ့ခြင်းဖြစ်သည်။

ပီဂူလာက "အထနှေးနေပြီးတော့ သုံးပွဲဆက်ပထမပွဲငယ်မှာ ရှုံးနိမ့်ခဲ့ရပါတယ်။ နောက်ကနေလိုက်ကစားခဲ့ပြီးမှ အနိုင်ရခဲ့ခြင်းလဲဖြစ်ပါတယ်။ အခု ဆီမီးဖိုင်နယ်အဆင့်ကို ရောက်ရှိလာခဲ့ပါပြီ။ ဆီမီးဖိုင်နယ်အဆင့်မှာတော့ ဒီလိုအခြေအနေအတိုင်း ဆက်သွားနေလို့တော့ မဖြစ်တော့ဘူးလို့ ကျွန်မထင်ပါတယ်။ နောက်ထပ် ကံမကောင်းနိုင်တော့ပါဘူး။ အထနှေးနေတဲ့ အခြေအနေကိုလဲ စိတ်ပျက်မိပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : WTA**

**Trs : AZL**

# Valero Texas Open ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို မက်အင်တိုင်ရီ ဦးဆောင်

**တက္ကဆက် ဧပြီ ၄**

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ် ဆန်အန်တိုနီယိုမြို့တွင် ကျင်းပနေသည့် Valero Texas Open ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့အပြီးတွင် စကော့တလန်ဂေါက်သီးရိုက် ကစားသမား မက်အင်တိုင်ရီက သတ်မှတ်ရိုက်ချက် ထက် ၁၄ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း Sky Sports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဆွီဒင် ဂေါက်သီးရိုက်ကစားသမား လက်ဇစ်အဘက်က သတ်မှတ်ရိုက်ချက်ထက် ၁၀ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နေပြီး အမေရိကန်ဂေါက်သီးရိုက်ကစားသမားများ ဖြစ်ကြသည့် တိုနီဖီနော်၊ ကီဗင်ရှိုင်း၊ ကော်လေး၊ ဒိန်းမတ် ဂေါက်သီးရိုက်ကစားသမား အိုလီဆင်တို့က သတ်မှတ်ရိုက်ချက်ထက် ကိုးချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်နေကြသည်။

အမှတ်ပေးဇယားကို ဦးဆောင်နေသည့် မက်အင်တိုင်ရီသည် နောက်ဆုံးကျင်း ငါးကျင်းတွင် ဘာဒီရိုက်ချက် လေးကျင်းထိ ရရှိခဲ့ခြင်းကြောင့် အမှတ်ပေးဇယားကို ဦးဆောင်ခွင့်ရခဲ့ခြင်းဖြစ်သည်။

မက်အင်တိုင်ရီက "ရိုက်ချက်တိုင်းက အဆင်ပြေခဲ့ပါတယ်။ Iron ရိုက်ချက်တွေကလဲ ကျွန်တော်မျှော်လင့် ထားတာထက်တောင် ပိုကောင်းခဲ့ပါတယ်။ ကျင်းနံပါတ် (၁၇) မှာ ရိုက်နိုင်ခဲ့တဲ့ ရိုက်ချက်ကို သဘောအကျဆုံးပါပဲ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Sky Sports**

**Trs : AZL**

# ပရီးမီးယားလိဂ်ပြိုင်ပွဲ၏ မတ်လအတွက် တစ်လတာအကောင်းဆုံး ကစားသမားဆုကို မန်ယူအသင်းမှ ဖာနန်ဒက် ဆွတ်ခူး

**မန်ချက်စတာ ဧပြီ ၄**

ပရီးမီးယားလိဂ် ပြိုင်ပွဲ၏ မတ်လအတွက် တစ်လတာ အကောင်းဆုံး ကစားသမားဆုကို မန်ယူအသင်း ကွင်းလယ်ကစားသမား ဖာနန်ဒက်က ဆွတ်ခူးခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ဖာနန်ဒက်သည် မတ်လအတွင်းကစားခဲ့သည့် ပွဲစဉ်များတွင် မန်ယူအသင်းနှင့်အတူ အကောင်းဆုံး ခြေစွမ်းပြသခဲ့ပြီး ပဲလေ့စ်အသင်းနှင့် ပွဲစဉ်တွင် သွင်းဂိုးတစ်ဂိုးနှင့် ဂိုးဖန်တီးမှုတစ်ကြိမ်၊ နယူးကာဆယ်အသင်းနှင့်ပွဲစဉ်တွင် ဂိုးဖန်တီးမှုတစ်ကြိမ်၊ အေဗီလာအသင်းနှင့် ပွဲစဉ်တွင် ဂိုးဖန်တီးမှုနှစ်ကြိမ်၊ ဘုန်းမောက်အသင်းနှင့်ပွဲစဉ်တွင် သွင်းဂိုးတစ်ဂိုးသွင်းယူခဲ့ပြီး လေးပွဲဆက် ဂိုးပါဝင်ပတ်သက်မှု ပြုလုပ်ခဲ့ပြီးနောက် မတ်လအတွက် တစ်လတာအကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ဖာနန်ဒက်သည် မတ်လအတွက် တစ်လတာအကောင်းဆုံးကစားသမားဆု ဆန်ခါတင်စာရင်းတွင်ပါဝင်ခဲ့ကြသည့် အဲဗာတန်အသင်းမှ ဂျိမ်းဂါနာ၊ နော်တင်ဟမ်အသင်းမှ ဂစ်ဗ်ိုက်၊ နယူးကာဆယ်အသင်းမှ ဂေါ်ဒွန်၊ ဖူလ်ဟမ်အသင်းမှ အီအိုဘီ၊ အာဆင်နယ်အသင်းမှ ဂိုးသမားရာယာ၊ ဘရိုက်တန်အသင်းမှ ဝဲလ်ဘတ်တို့ကို ကျော်ဖြတ်ပြီး ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။




ဖာနန်ဒက်သည် ယခုနှစ်ဘောလုံးရာသီတွင် ပရီးမီးယားလိဂ်ပြိုင်ပွဲ၌ မန်ယူအသင်းနှင့်အတူ အကောင်းဆုံး ခြေစွမ်းပြသနေပြီး သွင်းဂိုး ရှစ်ဂိုးနှင့် ဂိုးဖန်တီးမှု ၁၆ ကြိမ်ထိ ပြုလုပ်ထားသကဲ့သို့ ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲ၏ တစ်နှစ်တာအကောင်းဆုံး ကစားသမားဆု အတွက်လည်း ထိပ်ဆုံးမှ ရေပန်းစားနေကြောင်း သိရသည်။

**Ref : Fotmob**

**Trs : STA**

# ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် လူ ၂၅ ဦး သေဆုံးကာ ဦးရေ ၇၀ ကျော် ဒဏ်ရာရရှိခဲ့



**အစ္စလာမ်မာဘတ် ဧပြီ ၄**

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ခိုင်ဘာပက်ခ်တွန်ခွာပြည်နယ်တွင် မတ် ၂၅ ရက်မှစ၍ ယနေ့ထိ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများကြောင့် လူ ၂၅ ဦး သေဆုံးကာ ဦးရေ ၇၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ပြည်နယ်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုအာဏာပိုင် (PDMA) ၏ ထုတ်ပြန်ချက်အရ မိုးရွာသွန်းမှု၊ မြေပြိုမှု၊ ရေကြီးရေလျှံမှုနှင့် လူနေအိမ် အဆောက်အအုံများ ပြိုကျပျက်စီးမှုများ ဖြစ်ပွားခဲ့ပြီး လူနေအိမ် စုစုပေါင်း ၈၀ ကျော် ထိခိုက်ပျက်စီးခဲ့သည်။

မိုးသည်းထန်စွာ ဆက်တိုက်ရွာသွန်းပြီး ရေကြီးရေလျှံမှုများကြောင့် ထိခိုက်မှုအများဆုံး ခရိုင်များမှာ ကိုဟတ်၊ ဘန်နူး၊ ဒီရာအစ္စမေးလ်ခန်းနှင့် ကရက်ခရိုင်တို့ဖြစ်ပြီး လက်ရှိတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြစ်ရေများ တက်လာပြီး လမ်းပန်းဆက်သွယ်ရေးများ ပိတ်ဆို့သွားသည့်အပြင် တောင်တန်းဒေသများတွင် မြေပြိုမှုများလည်း ဆက်တိုက်ဖြစ်ပွားနေကြောင်း၊ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များကို အဆိုပါထိခိုက်မှုအများဆုံးခရိုင်များသို့ အလျင်အမြန်စေလွှတ်ထားပြီး ဒဏ်ရာရရှိသူများကို ဆေးကုသပေးခြင်း၊ ယာယီခိုလှုံစရာနေရာများ စီစဉ်ပေး ခြင်း၊ အစားအစာနှင့် ရေသန့်များပံ့ပိုးခြင်းတို့ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြည်နယ် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုအာဏာပိုင် (PDMA)က မိုးရွာသွန်းမှုသည် နောက်ထပ် ရက်အနည်းငယ်ထိ ဆက်လက် ဖြစ်ပွားနိုင်သည်ဟု သတိပေးချက် ထုတ်ပြန်ထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

# ကနေဒါနိုင်ငံ ဆမ်းမားလန်းဒေသတွင် ကာလရှည် မိုးခေါင်မှုပြဿနာဖြင့် ရင်ဆိုင်နေရ

**အော့တဝါ ဧပြီ ၄**

ကနေဒါနိုင်ငံ ဗြိတိသျှကိုလံဘီယာပြည်နယ် ဆမ်းမားလန်းဒေသတွင် ကာလရှည်မိုးခေါင်မှုပြဿနာဖြင့် ရင်ဆိုင်နေရကြောင်း Environment Canada က ထုတ်ပြန်ခဲ့သည်ဟု ဧပြီ ၃ ရက် သတင်းများတွင် ဖော်ပြထားသည်။

မိုးလေဝသ ခန့်မှန်းချက်များအရ ၂၀၂၆ ခုနှစ်အတွင်း အပူချိန်မြင့်တက်လာနိုင်သည့် အတွက် ဆမ်းမားလန်းဒေသကို မိုးခေါင်မှုပမာဏအဆင့် အချိန်မရွေး တိုးမြှင့် သတ်မှတ်ရနိုင်ကြောင်း Environment Canada က သတိပေးခဲ့သည်။

"မိုးအနည်းငယ် ရွာသွန်းလာတဲ့အတွက် ဧပြီ ၃ ရက်ကနေစတင်ပြီးတော့ မိုးခေါင်မှုပမာဏအဆင့် (၄)ကနေ အဆင့်(၃)ကို လျှော့ချသတ်မှတ်လိုက်ပြီ ဖြစ်ပါတယ်။ မိုးခေါင်မှုအဆင့် လျှော့ချသတ်မှတ်နိုင်ပြီ ဖြစ်တဲ့အတွက်ကြောင့် စိုက်ပျိုးရေးကဏ္ဍမှာ ရေလှောင်တမံတွေကနေ ရေသွင်းပေးခြင်း စတင်တော့မှာဖြစ်ပါတယ်။ ရေလှောင်တမံက ရေသိုလှောင်ထားနိုင်မှု အခြေအနေ၊ မြစ်ချောင်းတွေမှာ ရေစီးဆင်းနေမှုတွေကို အဆက်မပြတ် စောင့်ကြည့် တိုင်းတာသွားမှာလဲဖြစ်ပါတယ်။ မြစ်ချောင်းတွေမှာ ရေစီးဆင်းနိုင်မှု အခြေအနေပေါ်မူတည်ပြီးတော့ သောက်သုံးရေပေးဝေမှုကို ဆောင်ရွက်သွားမှာလဲဖြစ်ပါတယ်" ဟု ဆမ်းမားလန်းမြို့တော်ဝန် ဒေါက်ဟုမ်းက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

# ဗြိတိန်နိုင်ငံတွင် ၂၀၂၅ ခုနှစ်အတွင်း ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှု ကျဆင်းခဲ့

**လန်ဒန် ဧပြီ ၄**

ဗြိတိန်နိုင်ငံတွင် ၂၀၂၅ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သော ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ ထုတ်လွှတ်မှု လျော့နည်း ကျဆင်းခဲ့ကြောင်း Department for Energy Security and Net Zero က ထုတ်ပြန်ခဲ့သည်ဟု ဧပြီ ၃ ရက် သတင်းများတွင် ဖော်ပြထားသည်။

Department for Energy Security and Net Zero မှ သုတေသီများ၏ သုတေသနရလဒ်များအရ ၂၀၂၅ ခုနှစ်အတွင်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ထုတ်လွှတ်ခဲ့သော ကာဗွန်ထုတ်လွှတ်မှုပမာဏ စုစုပေါင်းမှာ မက်ထရစ်တန် ၃၆၇ သန်းထိရှိခဲ့ပြီး ၂၀၂၄ ခုနှစ်က ထုတ်လွှတ်ခဲ့သောပမာဏထက် မက်ထရစ်တန် ခုနစ်သန်း လျော့နည်း ကျဆင်းခဲ့ကြောင်း၊ စက်မှုဇုန်ကဏ္ဍမှ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ ထုတ်လွှတ်မှု အများဆုံး ကျဆင်းခဲ့ခြင်းဖြစ်ပြီး စက်မှုဇုန် သံနှင့် သံမဏိထုတ် စက်ရုံများမှ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ ထုတ်လွှတ်မှုအများဆုံး လျော့နည်း ကျဆင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



လျှပ်စစ်စွမ်းအင်ကဏ္ဍတွင် ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့ ထုတ်လွှတ်မှု ကျဆင်းခဲ့သည့် အဓိကအကြောင်းရင်းမှာ ၂၀၂၄ ခုနှစ် စက်တင်ဘာလက နှစ်ပေါင်း ၁၄၀ သက်တမ်းရှိသော ကျောက်မီးသွေးလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို ပိတ်သိမ်းခဲ့ခြင်းကြောင့် ၂၀၂၅ ခုနှစ်တွင် လျှပ်စစ်စွမ်းအင်ထုတ်လုပ်မှုကဏ္ဍမှ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ ထုတ်လွှတ်မှု သိသိသာသာ ကျဆင်းခဲ့ခြင်းဖြစ်သည်။

အလားတူ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင်လည်း ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ ထုတ်လွှတ်မှု သိသိသာသာ ကျဆင်းခဲ့သည်ဟု Department for Energy Security and Net Zero က ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

# အာဖဂန်နစ္စတန်နိုင်ငံတွင် ရေကြီးရေလျှံမှုကြောင့် လူ ၅၁ ဦး သေဆုံးပြီး ၈၉ ဦး ဒဏ်ရာရရှိ

**ကဘူးလ် ဧပြီ ၄**

အာဖဂန်နစ္စတန်နိုင်ငံတွင် မိုးသည်းထန်စွာ ဆက်တိုက်ရွာသွန်းပြီး ရေကြီးရေလျှံမှုများကြောင့် အနည်းဆုံး လူ ၅၁ ဦး သေဆုံးကာ ၈၉ ဦး ဒဏ်ရာရရှိခဲ့ကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေး အာဏာပိုင်အဖွဲ့က ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

အာဏာပိုင်အဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ ဟာဖစ်ဇ်မိုဟာမက် ယူဆူဟာမက်၏ ပြောကြားချက်အရ ယခုရေကြီးရေလျှံမှုများသည် နိုင်ငံတစ်ဝန်းရှိ ပြည်နယ် ၁၈ ပြည်နယ်တွင် ပြင်းထန်စွာထိခိုက်ပျက်စီးမှုများဖြစ်ပေါ်စေခဲ့ပြီး လူသေဆုံးမှုများအပြင် နေအိမ်အဆောက်အအုံများ၊ လယ်ယာမြေများနှင့် အခြေခံအဆောက်အအုံများ အများအပြား ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

ကောက်ယူထားသောအချက်အလက်များအရ အိမ်ခြေ ၃၀၀၀ ခန့် ပျက်စီးခဲ့ပြီး အိမ်ထောင်စုပေါင်း ၈၀၀၀ ကျော် ထိခိုက်ခဲ့ရကြောင်း၊ ထို့ပြင် လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင်လည်း ထိခိုက်မှုများကြီးမားခဲ့ပြီး လမ်းအရှည် ၃၃၇ ကီလိုမီတာကျော် ပျက်စီးကာ လယ်ယာမြေဧက ၈၅၀၀ ကျော် ရေလွှမ်းမိုးခံခဲ့ရကြောင်း သိရသည်။

အာဏာပိုင်များက ကယ်ဆယ်ရေးနှင့် ကူညီပံ့ပိုးရေးလုပ်ငန်းများကို အရှိန်မြှင့်ဆောင်ရွက်နေပြီး အဆိုးရွားဆုံး ထိခိုက်ခဲ့သည့်ဒေသများသို့ ကယ်ဆယ်ရေးအဖွဲ့များကို စေလွှတ်ထားကြောင်း၊ ထိခိုက်ဒဏ်ရာ ရရှိသူများကို ဆေးကုသပေးခြင်းနှင့် ယာယီခိုလှုံစရာများ စီစဉ်ပေးခြင်းတို့ကို ဆောင်ရွက်နေကြောင်း၊ ထို့ပြင် ပျက်စီးဆုံးရှုံးမှုများကို အတိအကျ အကဲဖြတ်ရန် လုပ်ငန်းစဉ်များကိုလည်း ဆက်လက်လုပ်ဆောင်နေကြောင်း သိရသည်။

အာဖဂန်နစ္စတန်နိုင်ငံ မိုးလေဝသဌာနက မိုးသည်းထန်စွာ ဆက်လက် ရွာသွန်းနိုင်ကြောင်း ခန့်မှန်းထားပြီး လာမည့်ရက်များအတွင်း နိုင်ငံ၏ ပြည်နယ် ၃၄ ခု အနက် ၃၁ ခုတွင် ရေကြီးရေလျှံမှုများ ထပ်မံဖြစ်ပွားနိုင်သည်ဟု သတိပေးချက် ထုတ်ပြန်ထားကြောင်း သိရသည်။

Ref : Russia Today

Trs : KZ

# ဂျပန်နိုင်ငံ နီယာမာကာရီမြို့တွင် မုန်တိုင်းဝင်ရောက်တိုက်ခတ်မှုကြောင့် လူတစ်ဦးသေဆုံးကာ လူနေအိမ်အမြောက်အမြား ပျက်စီးခဲ့

**အေသင် ဧပြီ ၄**

ဂျပန်နိုင်ငံ နီယာမာကာရီမြို့တွင် မုန်တိုင်း ဝင်ရောက်တိုက်ခတ်ပြီးနောက် မိုးသည်းထန်စွာရွာသွန်းကာ ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုများကြောင့် လူတစ်ဦးသေဆုံးကာ လူနေအိမ်များ၊ အခြေခံအဆောက်အအုံများ ပျက်စီးခဲ့ကြောင်း ဂျပန်အရေးပေါ်စီမံခန့်ခွဲရေးအဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ဧပြီ ၃ ရက် သတင်းများတွင် ဖော်ပြထားသည်။

နီယာမာကာရီမြို့သည် အေသင်မြို့နှင့် ၂၀ မိုင်ခန့်သာ ကွာဝေးသည့်မြို့ဖြစ်ပြီး မုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးမှု များပြားခဲ့သည့်အတွက် အရေးပေါ်အခြေအနေ သတ်မှတ်သွားဖွယ် ရှိနေကြောင်း၊ လမ်းပိုင်းတချို့ ပျက်စီးနေသည့်အတွက် ဆက်သွယ်သွားလာရေး ပြတ်တောက်နေပြီး ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အခက်အခဲများရှိနေကြောင်း၊ နီယာမာကာရီမြို့အပြင် အနီးပတ်ဝန်းကျင်မြို့များတွင်လည်း မုန်တိုင်းကြောင့် လျှပ်စစ်မီးများ ပြတ်တောက်နေကြောင်း၊ ရေလွှမ်းနေသည့် လူနေအိမ်အမြောက်အမြား ရှိနေသကဲ့သို့ ကယ်ဆယ်ရေးအဖွဲ့အစည်းထံသို့ ဖုန်းဆက်အကူအညီ တောင်းခံခဲ့သော ဖုန်းခေါ်ဆိုမှု ပေါင်းထောင်နှင့်ချီ၍ ရှိနေကြောင်း အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"နီယာမာကာရီကို ဇဟိုပြုပြီးတော့ အားကောင်းတဲ့မုန်တိုင်း ဝင်ရောက် တိုက်ခတ်ခဲ့ပါတယ်။ မုန်တိုင်းကြောင့် ရေကြီးရေလျှံမှုနဲ့ မြေပြိုကျမှုတွေ ဖြစ်ပေါ်နေပါတယ်။ ရေကြီးရေလျှံမှုကြောင့် ဒေသခံတစ်ဦးသေဆုံးသွားခဲ့ပါတယ်။ ဘေးလွတ်ရာ ရွှေ့ပြောင်းနေရသူ အမြောက်အမြားရှိနေပါတယ်။ လျှပ်စစ်မီးပြတ်တောက်မှုတွေလဲ ဖြစ်ပေါ်နေပါတယ်။ အေသင်မြို့အနီးတစ်ဝိုက် ဆိပ်ကမ်းမြို့တွေမှာ ရွက်လှေတွေ စီးနင်းမှုကို ယာယီပိတ်ထားပါတယ်" ဟု ဂျပန်အရေးပေါ်စီမံခန့်ခွဲရေးအဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

ခရီးသွားဆောင်းပါး

# ကျောက်ခွက်များနှင့်ရေစီးကြောင်း ရှုခင်းတွေကကောင်း

သက်နိုင်(ပြင်ဦးလွင်)

ရှုံးပိတ်ရက်၊ ကျောင်းပိတ်ရက်ရှည်အတွင်း ပြင်ဦးလွင်မြို့ကနေ ထွက်ခွာလာခဲ့တဲ့ ခရီးစဉ်မှာ ဟိုင်းကြီးကျွန်းအနီး၊ ဘင်္ဂလားပင်လယ်အော်ကမ်းစပ်မှာရှိနေတဲ့ ကျောက်ကလပ်ခေါ် ကျောက်မှိုပွင့်ကြီးတွေရှိတဲ့နေရာကို ရောက်နေကြပါပြီ။ နှစ်ကာလပေါင်းများစွာ ပင်လယ်ရေတွေနဲ့ လှိုင်းလုံးတွေ အကြိမ်ကြိမ်တိုက်စားတဲ့ဒဏ်ကြောင့် သဘာဝအလျောက် လှလှပပဖြစ်ပေါ်လာတဲ့ ကျောက်မှိုပွင့်ကြီးတွေကို လေ့လာကြည့်ရှုကြပြီးတာနဲ့ ပင်လယ်ကမ်းစပ်အနီးမှာရှိနေကြတဲ့ ပင်လယ်ကျောက်ခွက်၊ ကျောက်တန်းလေးတွေ၊ ရေစီးကြောင်းလေးတွေရှိရာကို ဆက်လက်သွားရောက်လေ့လာကြည့်ရှုကြတယ်။

ကျောက်ခွက်လေးတွေက ပင်လယ်ကမ်းစပ်တစ်လျှောက်မှာ မရေမတွက်နိုင်အောင် အများအပြားဖြစ်ပေါ်တည်ရှိနေကြတယ်။ ဒီကျောက်ခွက်လေးတွေကလဲ ပင်လယ်ရေတွေနဲ့လှိုင်းလုံးတွေတိုက်စားမှုကြောင့်ဖြစ်ပေါ်နေကြရတာပါ။ မိမိတို့ရောက်ရှိလာတဲ့အချိန်က မနက်ပိုင်းစောစောဖြစ်နေသေးလို့ ကျောက်ခွက်လေးတွေအတွင်းမှာ ပင်လယ်ရေတွေရှိနေကြသေးတယ်။ တဖြည်းဖြည်းနဲ့နေမြင့်လာပြီး နေအပူရှိန်ပြင်းထန်လာတာနဲ့အမျှ ပင်လယ်ရေတွေအငွေ့ပြန်သွားကြတာကြောင့် ကျောက်ခွက်လေးတွေအတွင်းမှာ ဆားပွင့်၊ ဆားမှုန့်၊ ဆားခဲလေးတွေအဖြစ် ပြောင်းလဲကျန်ရစ်နေကြောင်း ဒေသခံညီဝမ်းကွဲ ကိုဖိုးစိန်က ရှင်းပြနေတယ်။ အခုအချိန်မှာတော့ ကျောက်ခွက်လေးတွေအတွင်းမှာ ပင်လယ်ရေတွေနဲ့အတူ ပင်လယ်ရေပျော်သတ္တဝါလေးတွေဖြစ်တဲ့ ငါးလေးတွေ၊ ပုစွန်လေးတွေ၊ ကဏန်းလေးတွေကို တွေ့မြင်နေကြရသေးတယ်။ ကျောက်ခွက်လေးတွေအတွင်းမှာ ပင်လယ်ရေတွေရှိနေတာရယ်၊ အပေါ်နှုတ်ခမ်းသားပတ်လည်မှာ ရေညှိစိမ်းစိမ်းတွေရှိနေတာရယ်ကြောင့် ရုတ်တရက်ကြည့်လိုက်ရင် တောင်ပေါ်အထက်မြင့်မြင့်တစ်နေရာကနေ၊ ပျံသန်းနေတဲ့ လေယာဉ်ပေါ်ကနေ များပြားလှတဲ့လယ်ကွက်တွေကို တွေ့မြင်နေရသလိုဖြစ်နေကြတယ်။ တစ်ခုနဲ့တစ်ခုပူးကပ်တည်ရှိနေကြပြီး ပင်လယ်ကမ်းခြေတစ်လျှောက် တစ်မျှော်တစ်ခေါ်တည်ရှိနေကြတဲ့ ကျောက်ခွက်လေးတွေကို တွေ့မြင်ကြည့်ရှုနေရတာ အလွန်သာယာလှပလွန်းလှပါတယ်။

ကျောက်ခွက်လေးတွေရဲ့အနီး၊ နေရာအများအပြားမှာ ရေစီးကြောင်းလေးတွေရှိနေကြတယ်။ အချို့ရေစီးကြောင်းတွေက အနည်းငယ်ကျဉ်းမြောင်းနေတာကြောင့် ကျော်လွှားဖြတ်သန်းသွားလာလို့ရနေသလို အချို့ရေစီးကြောင်းတွေက အနည်းငယ်ကျယ်ဝန်းနေတာကြောင့် လွယ်လွယ်ကူကူဖြတ်သန်းလို့မရနိုင်ဘဲ ဖိနပ်တွေချွတ်၊ ရေထဲဆင်းပြီးမှ ခက်ခက်ခဲခဲ ဖြတ်သန်းသွားလာနေကြရတယ်။ ရေစီးကြောင်းတွေအားလုံးက သဲမြေပြင်ပေါ်မှာဖြစ်ပေါ်တည်ရှိနေကြတာမဟုတ်ဘဲ အောက်ခံကျောက်သား၊ ကျောက်စိုင်တွေပေါ်မှာ ဖြစ်ပေါ်တည်ရှိနေကြတာပါ။ ရေစီးကြောင်းတွေအတွင်းမှာ ငါးလေးတွေ၊ ပုစွန်လေးတွေက ကျောက်ခွက်တွေအတွင်းမှာ ရှိနေကြတာထက် ပိုမိုများပြားပြီး သူ့အုပ်စုတွေနဲ့သူ ကူးခပ်သွားလာလှုပ်ရှားနေကြတယ်။ ရေစီးကြောင်းလေးတွေက ပင်လယ်လှိုင်းလုံးတွေ ရိုက်ခတ်မှု၊ပြန်လည်ဆုတ်ခွာသွားမှုတွေကြောင့် ဖြစ်ပေါ်နေကြရတာမျိုးတွေကို တွေ့မြင်နေကြရသလို တချို့ကလဲ ပင်လယ်ရေလှိုင်းလုံးတွေမရှိဘဲ၊ လှိုင်းလုံးတွေနဲ့ဝေးတဲ့နေရာတွေမှာ ဖြစ်ပေါ်နေကြတာကို ထူးထူးခြားခြားနဲ့ တွေ့မြင်နေရတယ်။

ပင်လယ်ရေတွေကြောင့် ဖြစ်ပေါ်စီးဆင်းနေကြတာပဲဖြစ်ပါတယ်။ ကျောက်ခွက်လေးတွေနဲ့ ရေစီးကြောင်းတွေရဲ့ပုံစံက မြောက်မြားလှတဲ့လယ်ကွင်း၊ လယ်ကွက်တွေနဲ့ လယ်ကွင်းလယ်ကွက်တွေအတွင်းကို ရေပေးသွင်းနေတဲ့ ချောင်းတွေ၊ မြောင်းတွေနဲ့ အသွင်သဏ္ဌာန်တူနေကြတယ်။ ကျောက်ခွက်တွေနဲ့ ရေစီးကြောင်းတွေရဲ့အလွန်မှာ ပင်လယ်ပြင်ကြီးရှိနေတယ်။

အရင်တစ်ခေါက်လာခဲ့တဲ့အချိန်တုန်းက ဒီလိုလှပသာယာတဲ့ကျောက်ခွက်တွေရေစီးကြောင်းတွေကို မတွေ့မမြင်ခဲ့ကြရပါဘူး။ ပင်လယ်ရေတွေ တက်နေတဲ့အချိန်၊ လှိုင်းလုံးကြီးတွေ တဝုန်းဝုန်းတဒိုင်းဒိုင်း ရိုက်ခတ်နေတဲ့အချိန်ဖြစ်နေတာကြောင့် ကျောက်ခွက်လေးတွေ၊ ရေစီးကြောင်းတွေအားလုံးက ပင်လယ်ရေအောက်ကို ရောက်ရှိနေကြရတယ်။ နေရာဒေသအသီးသီးကို အလည်အပတ်အဖြစ်၊ ဒေသန္တရဗဟုသုတရရှိဖို့အဖြစ်၊ အကြောင်းအချက်တစ်မျိုးမျိုးနဲ့အဖြစ်ရောက်ရှိခဲ့ကြရပေမဲ့ တစ်ချိန်နဲ့တစ်ချိန်၊ တစ်ရာသီနဲ့တစ်ရာသီ တွေ့မြင်ကြုံဆုံခံစားကြရတာတွေက လုံးလုံးလျားလျားတူညီမှု ရှိမနေဘဲ အခြေအနေနဲ့ အချိန်အခါတွေအရ ကွဲပြားခြားနားနေနိုင်ပါတယ်။

ကျောက်ခွက်လေးတွေ၊ ရေစီးကြောင်းတွေကို လေ့လာကြည့်ရှုမှတ်တမ်းဓာတ်ပုံတွေ ရိုက်ယူပြီးကြတာနဲ့ ကျောက်မှိုပွင့်ကြီးတွေအနီးက အုတ်လှေကားထစ်လေးတွေအတိုင်း အပေါ်ကိုပြန်တက်လာခဲ့ကြတယ်။ အပေါ်ကိုရောက်တော့မှ ပင်လယ်ကမ်းနဖူး၊ ကျောက်မှိုပွင့်ကြီးတွေရဲ့ထိပ်မှာ တည်ထားတဲ့စေတီတော်ကို ဖူးမြော်ကန်တော့ကြရတယ်။ စေတီတော်က ဂြိုဟ်ပြေနံ့ပြေစေတီတော်ပါ။ စေတီတော်ရင်ပြင်ပေါ်ကနေ လှိုင်းလုံးဖြူဖြူတွေတစ်လုံးပြီးတစ်လုံး ငြိမ်ငြိမ်ဆိမ်ဆိမ်ရိုက်ခတ်နေတဲ့ ပင်လယ်ပြာကြီးကို တွေ့မြင်နေရတယ်။ စေတီတော်ကို ဖူးမြော်ကန်တော့အပြီး၊ ရင်ပြင်တော်ပေါ်အမြင့်ကနေ ပင်လယ်ပြင်ရှုခင်းတွေကို ကြည့်ရှုပြီးကြတာနဲ့ အနီးမှာရှိနေတဲ့ဇရပ်လေးတစ်ဆောင်မှာ စကားတွေပြောကြရင်း နားနားနေနေထိုင်ကြရတယ်။ အကြောင်းရင်းက မိမိတို့ကိုလာရောက် ကြိုဆိုမဲ့ ခွေးဘီလူးကားလေး ရောက်ရှိမလာသေးလို့ပါ။ ပင်လယ်ရေတွေ၊ ချောင်းတွေမြောင်းတွေ၊ ပုသိမ်မြစ်ခေါ် ငဝန်မြစ်ကြီးတွေဝိုင်းရံနေတဲ့ ဒီလိုပင်လယ်ဝဒေသမှာလှေသင်္ဘောမျိုးစုံတွေသာ အမြောက်အမြားရှိနေကြပြီး ကုန်းလမ်းခရီးသွားယာဉ်တွေဖြစ်တဲ့ကားတွေ၊ ဆိုင်ကယ်တွေနည်းပါးကြပါတယ်။ ဒေသတွင်းကို လာရောက်လည်ပတ်ကြတဲ့ ခရီးသွားဧည့်သည်တွေကို အကြို၊ အပို့လုပ်ဖို့အတွက် ခွေးဘီလူးကားခြောက်စီးသာရှိနေတယ်။ ဒီလိုအခြေအနေ ဒီနေ့ဒီရက်မှ ရန်ကုန်မြို့က ဘုရားဖူးဧည့်သည်တွေ စက်လှေကြီးတစ်စီးနဲ့အပြည့်၊ ရုတ်တရက်ရောက်ရှိလာတာကြောင့် အကြိုအပို့လုပ်ပေးနေရတဲ့ကားလေးခြောက်စီးက ဧည့်သည်တွေကို မနားတမ်းအပြေးအလွှားကြိုပို့ပေးနေရတော့တယ်။ ဒါကြောင့် မိမိတို့ကလဲ အလှည့်မရောက်သေးခင် ဇရပ်ထဲမှာ ထိုင်နားနေကြရတယ်။ ကားလေးတွေထပ်ပြီးတိုးချဲ့ပြေးဆွဲလို့မရဘူးလားလို့ ညီဝမ်းကွဲဖြစ်သူကို မေးမြန်းကြည့်တဲ့အခါ ဒီလိုနေ့ရက်က အလွန်ရှားပါးပြီး ကျန်တဲ့ရက်တွေမှာ ဧည့်သည်နည်းပါးကြောင်း၊ မိုးရာသီကာလတွေမှာ ကားတွေရပ်ထားရကြောင်း၊ ကားတွေများပြားလာရင်လဲ စီးပွားရေးအရ တွက်ခြေကိုက်ကြတော့မှာမဟုတ်ကြောင်း စတာတွေကို ရှင်းလင်းပြောပြနေလို့ ဟုတ်သားပဲဆိုပြီး ခေါင်းညိတ်နေလိုက်ရတယ်။



ကျောက်ခွက်များနှင့်ရေစီးကြောင်းရှုခင်းကို တွေ့ရစဉ်။

ကားစောင့်ရင်းထိုင်နားနေကြရတဲ့ ဇရပ်လေးက စေတီတော်အနီးမှာရှိနေပါတယ်။ ပင်လယ်ကမ်းရဲ့တစ်ဖက်မှာ စားသောက်ဆိုင်လေးတွေနဲ့အတူ ဒေသထွက်ငါးပိ၊ငါးခြောက်၊ ပုစွန်ခြောက်ဆိုင်ကလေးရှိနေတယ်။ စားသောက်ဆိုင်လေးတွေက အတန်းလိုက် သုံး၊ လေးဆိုင်လောက်ရှိနေကြပေမဲ့ ကျန်တဲ့ဆိုင်တွေက ပိတ်ထားကြပြီး ဆိုင်လေးတစ်ဆိုင်သာ ဖွင့်လှစ်ရောင်းချနေတာကို တွေ့မြင်နေရတယ်။ အရင်တစ်ခေါက်လာခဲ့စဉ်တုန်းက နေ့လယ်စာထမင်းကို ဒီဆိုင်တန်းလေးက ဆိုင်တစ်ဆိုင်မှာ ပင်လယ်စာဟင်းတွေနဲ့ စားသောက်ခဲ့ဖူးပါတယ်။ ပင်လယ်ပြင်ကြီးကိုကြည့်ရင်း ပင်လယ်ရေထွက်ဟင်းလျာတွေကို စားသောက်နေရတာက တစ်မျိုးတစ်မည်အရသာထူးနေတယ်။ အခုတော့ အဲဒီစားသောက်ခဲ့ကြရတဲ့ဆိုင်လေးက ပိတ်ထားတဲ့ဆိုင်တွေအထဲမှာ ပါသွားခဲ့ပါပြီ။ ဒေသထွက်ကုန်ဆိုင်လေးကတော့ ဇရပ်အနီးလမ်းတစ်ဖက်မှာ မိမိတို့ရောက်ရှိနားနေကြတဲ့အချိန်မှ လာရောက်ဖွင့်လှစ်ရောင်းချနေတာပါ။ ဆိုင်ကယ်လေးတစ်စီးနဲ့သယ်ဆောင်ပြီး တစ်နိုင်တစ်ပိုင်ရောင်းချနေတာကြောင့် ငါးခြောက်ကလေးနည်းနည်း၊ ပုစွန်ခြောက်ကလေးနည်းနည်းသာတွေ့မြင်နေရတယ်။ ညီဝမ်းကွဲဖိုးစိန်က ငါးခြောက်တွေ၊ ပုစွန်ခြောက်တွေဝယ်မယ်ဆိုရင် ဒီမှာမဝယ်နဲ့၊ ဟိုင်းကြီးကျွန်းရောက်မှ ဝယ်လို့ ပြောဆိုလာတဲ့အပြင် ငွေဆောင်နဲ့ ချောင်းသာပင်လယ်ကမ်းခြေတွေရှိရာကိုရောက်ခဲ့စဉ်တုန်းကလဲ ဒေသခံတွေက ပုသိမ်မြို့ကိုရောက်မှ ဝယ်လို့ပြောပြကြတယ်။ အခုဟိုင်းကြီးကျွန်းနဲ့ ပုသိမ်မြို့ဘယ်နေရာက ဝယ်လို့အဆင်ပြေလဲ၊ ဈေးသက်သာလဲ စတာတွေကို မေးမြန်းကြည့်တဲ့အခါ ဟိုင်းကြီးကျွန်းက ပိုမိုအဆင်ပြေကြောင်း၊ ဈေးသက်သာကြောင်းတွေကို သိလိုက်ရတယ်။ ဒါကြောင့်လဲ ပြင်ခရိုင်ထိပ်စွန်းကနေ အပြန်ခရီးစဉ်မှာ ဟိုင်းကြီးကျွန်းကို ဝင်ပြီး ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်တွေဝယ်ယူကြဖို့ စဉ်းစားတိုင်ပင်ထားလိုက်ကြတယ်။

ဇရပ်လေးအတွင်းမှာထိုင်ပြီး မိမိတို့အဖွဲ့ကို လာရောက်ကြိုဆိုမဲ့ကားကို စောင့်ရင်း၊ စကားတွေ ပြောဆိုနေကြရင်း ပတ်ဝန်းကျင်ကိုလေ့လာကြည့်ရှုနေကြတဲ့အချိန်မှာ ပင်လယ်ပြင်ကြီးကိုလဲ နီးနီးကပ်ကပ်တွေ့မြင်နေကြရတယ်။ ပင်လယ်ပြင်ကမ်းစပ်မှာ၊ ကျောက်ခွက်တွေနဲ့ ရေစီးကြောင်းတွေအနားမှာ၊ ကျောက်မှိုပွင့်ကြီးတွေအပါးမှာ လာရောက်လေ့လာလည်ပတ်နေတဲ့ခရီးသွားဧည့်သည်တွေလဲ ရှိနေကြတယ်။ ဒါပေမဲ့ အခြားပင်လယ်ကမ်းစပ်တွေမှာလို ရေချိုး၊ ရေကစားနေတဲ့သူတွေ လုံးဝရှိမနေတာက ထူးခြားနေပါတယ်။ ဘာကြောင့်လဲလို့ မေးမြန်းစုံစမ်းကြည့်လိုက်တော့ ကမ်းခြေတစ်ဝိုက်မှာ ကျောက်ဆောင်၊ ကျောက်ကမ်းပါးအနည်းငယ်ရှိနေကြောင်းနဲ့ အဓိကအကြောင်းရင်းအဖြစ် ရေပြန်ချိုးကြဖို့ ဟိုတယ်တွေ၊ မိုတယ်တွေ၊ တည်းခိုခန်းတွေ၊ ရေချိုးကန်တွေမရှိတာကြောင့်ဖြစ်ကြောင်း သိလိုက်ရတယ်။ ကျောက်ဆောင်၊ ကျောက်ကမ်းပါးအနည်းငယ်ရှိနေတာထက် ရေချိုးကန်တွေရှိမနေတာက ပိုပြီး အဓိကကျနေတယ်။ ဒီဒေသကို လာရောက်လည်ပတ်ကြတဲ့ခရီးသွားဧည့်သည်တွေ အလွန်နည်းပါးနေကြသေးသလို ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းလုပ်ငန်းတွေလဲ မရှိကြသေးပါဘူး။ လာရောက်ကြတဲ့သူတွေက သက်ဆိုင်ရာ ပတ်ဝန်းကျင်ဒေသတွေကနေ နေ့ချင်းပြန်အဖြစ်နဲ့သာ သွားလာနေကြတယ်။

ဒေသတွင်းမှာမြင်တွေ့နေရတဲ့ လူနေအိမ်ခြေတိုက်တာ အဆောက်အအုံတွေ၊ ဈေးဆိုင်တွေ၊ စားသောက်ဆိုင်တွေနဲ့ အခြားမြင်ကွင်းအစုံစုံတွေက သာမန်ကျေးရွာလေးတွေအဆင့်သာ တည်ရှိနေကြသေးတယ်။ အနည်းငယ်ကြီးမားတယ်လို့ ပြောဆိုရမဲ့ စီးပွားရေးလုပ်ငန်းတွေအဖြစ် သူ့အရပ်နဲ့သူ့ဒေသကိုက်ညီနေတဲ့ ငါး၊ ပုစွန်အဝယ်ဒိုင်တွေသာ ရှိနေကြသေးပြီး အခြားစီးပွားရေးလုပ်ငန်းကြီးတွေကို လာရောက်ဖောက်ချလုပ်ကိုင်ကြဖို့ မလွယ်ကူသေးပါဘူး။ ဒေသတွင်းမှာ စားဝတ်နေရေးအတွက် အလုပ်လုပ်ကိုင်နေကြသူအများစုကလဲ ပင်လယ်ပြင်ကြီးကို ဗဟိုပြု အားကိုးအားထားပြီး ရေလုပ်ငန်းတွေ၊ တံငါလုပ်ငန်းတွေကို စွဲစွဲမြဲမြဲလုပ်ကိုင်နေကြတဲ့အဆင့်သာ ရှိနေကြသေးတယ်။ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာဖို့အတွက် အချိန်တွေယူပြီး ကြိုးစားကြရပါအုံးမယ်။

မိမိတို့ရဲ့ခရီးအစီအစဉ်က ထိပ်စွန်းနေရာကနေ ရှင်စောပုစေတီတော်ရှိရာကို ဆက်လက်သွားရောက်ကြဖို့ဖြစ်ပါတယ်။ လက်ရှိနေရာမှာတော့ ကျောက်ခွက်လေးတွေ၊ ပင်လယ်ပြင်အစပ်က ရေစီးကြောင်းလေးတွေ၊ ရှုခင်းရှုကွက်ကောင်းကောင်းတွေကို လေ့လာကြည့်ရှုပြီးကြပါပြီ။ မကြာခင်အချိန်အတွင်းမှာ လာရောက်ကြိုဆိုတဲ့ ကားလေးရောက်ရှိလာတာနဲ့ရှေ့ခရီးကို ဆက်လက်ထွက်ခွာလာခဲ့ကြတယ်။ လှလှပပကျောက်ခွက်လေးတွေ၊ ရေစီးကြောင်းလေးတွေကတော့ အနောက်မှာ ကျန်ရစ်ခဲ့ကြပါပြီ။

# BO BO Film Production က ရိုက်ကူးသည့် သင်္ကြန်ချစ်စကားဇာတ်လမ်းတွဲကို Mahar Application က မေလတတိယပတ်အတွင်း ထုတ်လွှင့်ပြသမည်




ရန်ကုန် မေ ၄

BO BO Film Production က ရိုက်ကူးသည့် သင်္ကြန်ချစ်စကား ဇာတ်လမ်းတွဲကို Mahar Application က မေလ တတိယပတ် အတွင်း ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း အဆိုပါ သင်္ကြန်ချစ်စကား ဇာတ်လမ်းတွဲကို တာဝန်ယူ ပုံဖော်ရိုက်ကူးထားသည့် ဒါရိုက်တာ ရာဇဝင်ကိုက ပြောပြ၍ သိရသည်။

အဆိုပါ သင်္ကြန်ချစ်စကား ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ညီအောင်ညီနှင့် အေးမြတ်ချို့တို့က ရေးသားထားကြပြီး ဒါရိုက်တာ ရာဇဝင်ကိုက BO BO Film Production အတွက် တာဝန်ယူ ပုံဖော်ရိုက်ကူးပေးထားခြင်းဖြစ်ကြောင်း သိရသည်။

"လူငယ်ကြိုက် သင်္ကြန်တွင်းကာလ အချစ်ဇာတ်မြူး ဇာတ်လမ်းတွဲလေးပါ။ သင်္ကြန်အငွေ့အသက် အပြည့်ရမဲ့ ဇာတ်လမ်းတွဲကိုမျှော်နေတဲ့ လူငယ်တွေကတော့ သေချာပေါက် ကြိုက်ကြမှာပါ။ လူငယ်လေးတွေရဲ့ သင်္ကြန်ချစ်စကား ချိုချိုလေးတွေနဲ့ ပရိသတ်ရင်ကိုပက်ဖျန်းပြီး အအေးဓာတ်ပေးမဲ့ သင်္ကြန်ချစ်စကား ဇာတ်လမ်းတွဲသစ်ကြီးက အားလုံးရှေ့ကို မကြာခင် ရောက်လာပါတော့မယ်"ဟု ဒါရိုက်တာ ရာဇဝင်ကိုက ပြောပြသည်။

သင်္ကြန်ချစ်စကား ဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် တေဇလင်းရောင်၊ မင်းအာကာ၊ မျိုးကိုကျော်၊ ပိုင်အိမ်ခ၊ ထူးအောင်ဝေ၊ ခေးကို၊ ရဲရင့်၊ သံသာညီ၊ ဥသြသံသာ၊ မိုးသဲဖြူ၊ ဗွားဗွား၊ ဝါဝါမေမောင်၊ ယဉ်မင်းပိုက်၊ မေယမင်းချို၊ ဆုသရဖီကို၊ မေယံနှင့် အခြားအနုပညာရှင်များ ပါဝင်ထားကြောင်း သိရသည်။

ASH

# Scream-8 ဇာတ်ကားသစ် ဆက်လက်ရိုက်ကူးရေးအတွက် စီစဉ်နေ

နယူးယောက် မေ ၄

Scream-8 ထိတ်လန့်သည်းဖို ဇာတ်ကားသစ်ကို ဆက်လက် ရိုက်ကူး ထုတ်လုပ်ရေးအတွက် Paramount ကုမ္ပဏီနှင့် Spyglass တို့က စီစဉ်နေကြောင်း မေ ၃ ရက် သတင်းများအရ သိရသည်။

Scream-7 ဇာတ်ကား အောင်မြင်မှု ရရှိခဲ့ပြီးနောက် Scream-8 ဇာတ်ကားကို ဆက်လက်ရိုက်ကူး ထုတ်လုပ်ရန်Paramount ကုမ္ပဏီက စီစဉ်ထားခြင်းဖြစ်ကြောင်း သိရသည်။

Scream-8 ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို လီလာဇူကာမင်းနှင့် နိုရာဇူကာမင်းတို့က ရေးသားပေးမည် ဖြစ်ကြောင်း သိရသည်။

သို့ရာတွင် Scream-8 ဇာတ်ကားကို တာဝန်ယူရိုက်ကူးမည့် ဒါရိုက်တာကို Paramount ကုမ္ပဏီက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

Paramount ကုမ္ပဏီသည် Scream-7 ဇာတ်ကားကို ဖေဖော်ဝါရီ ၂၇ ရက်တွင် ရုံတင်ခဲ့ရာ လက်ရှိအချိန်ထိ ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန် ဒေါ်လာသန်း ၂၀၀ ကျော် ရရှိခဲ့ပြီး အဆိုပါဇာတ်ကားကို ဒါရိုက်တာ ကီဗင်ဝီလျံဆန်က တာဝန်ယူ ရိုက်ကူးပေးခဲ့ကာ မင်းသမီး မက္ကင်နာဂရေ့၊ နီဗီကမ်းဘဲ၊ အစ္စဘဲမေတို့ပါဝင်ထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



# ပိတောက်တစ်ခက်ကြောင့် လွမ်းရက်တာရှည်ဇာတ်လမ်းတွဲကို HEY Play Application နှင့် HEY Play YouTube Channel တို့မှ ထုတ်လွှင့်သွားမည်

ရန်ကုန် မေ ၄

HEY Play Application နှင့် HEY Play YouTube Channel တို့မှ ပိတောက်တစ်ခက်ကြောင့် လွမ်းရက်တာရှည် ဇာတ်လမ်းတွဲကို မေ ၇ ရက်မှ စတင်ကာ ထုတ်လွှင့်တင်ဆက် သွားမည်ဖြစ်ကြောင်း ဒါရိုက်တာ သက်မိုးဆွေက ပြောပြ၍ သိရသည်။

အဆိုပါ ပိတောက်တစ်ခက်ကြောင့် လွမ်းရက်တာရှည် ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို မေခြူးသွယ်(တွံတေးမြေ)က ရေးသားထားကာ နိုရာမေက ဇာတ်ညွှန်းရေးသားထားပြီး ဒါရိုက်တာ သက်မိုးဆွေက တာဝန်ယူပုံဖော်ရိုက်ကူးထားသည့် သင်္ကြန်နောက်ခံ အချစ်၊ ဒရာမာဇာတ်လမ်း




တွဲဖြစ်ကြောင်း သိရသည်။

"ပိတောက်တစ်ခက်ကြောင့် လွမ်းရက်တာရှည် ဇာတ်လမ်းတွဲမှာတော့ ပိတောက်ပန်းတစ်ခက်နဲ့စတင်ခဲ့တဲ့ အချစ်ဇာတ်လမ်းတစ်ပုဒ်ကိုမြင်ရမှာပါ။ သင်္ကြန်နဲ့ပတ်သက်တဲ့ လွမ်းမောဖွယ် အချစ်ဒရာမာ ဇာတ်လမ်းတွဲလေးဖြစ်ပြီးတော့ ချစ်တယ်ဆိုတာမျိုးက အမြဲတမ်းအတူနေတာမဟုတ်ဘဲ တစ်ခါတစ်ရံ လွမ်းရင်းနဲ့ပဲ ချစ်နေဖို့ လိုအပ်တယ်ဆိုတာကို ပုံဖော်ရိုက်ကူးထားတဲ့ ဇာတ်လမ်းတွဲပဲ ဖြစ်ပါတယ်" ဟု ဒါရိုက်တာ သက်မိုးဆွေက ပြောပြသည်။

ပိတောက်တစ်ခက်ကြောင့် လွမ်းရက်တာရှည် ဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် ဘုန်းမာန်၊ ခင်ဘုန်းမြတ်သာ၊ မေမြတ်ဇင်၊ ဝင်းမင်းသန်း၊ သာသာနှင့်သရုပ်ဆောင်ပေါင်းများစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

# ဆိုနီ၏ သိပ္ပံဟာသဇာတ်ကားသစ်ကို ဒါရိုက်တာ အဒမ်မက်ကေးက ရိုက်ကူးမည်

နယူးယောက် မေ ၄

ဆိုနီရုပ်ရှင်ကုမ္ပဏီ၏ သိပ္ပံဟာသ ဇာတ်ကားသစ်ကို ဒါရိုက်တာ အဒမ်မက်ကေးက တာဝန်ယူ ရိုက်ကူးမည်ဖြစ်ကြောင်း မေ ၃ ရက် သတင်းများအရ သိရသည်။

အဆိုပါဇာတ်ကားသစ်အတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်း ရေးဆရာ မိုက်ကယ်ရှန့်က တာဝန်ယူ ရေးသားပေးမည်ဖြစ်ကြောင်း သိရသည်။

ဒါရိုက်တာ အဒမ်မက်ကေးသည် Vice နှင့် Don't Look Up ဇာတ်ကားများကို ရိုက်ကူးပေးခဲ့သည့် ဒါရိုက်တာဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် အဆိုပါဇာတ်ကားသစ်၏ တရားဝင် ဇာတ်ကားနာမည်နှင့် ဇာတ်လမ်းဇာတ်အိမ် အသေးစိတ်ကို ဆိုနီရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

ဒါရိုက်တာ အဒမ်မက်ကေးသည် အထက်ပါ ရုပ်ရှင်ဇာတ်ကားသစ်အတွက် ထုတ်လုပ်သူတစ်ဦးအဖြစ်လည်း တာဝန်ယူထားကြောင်း သိရသည်။

အဆိုပါဇာတ်ကား၌ ပါဝင်သရုပ်ဆောင်မည့် အနုပညာရှင်များကို ဆိုနီရုပ်ရှင်ကုမ္ပဏီက ရွေးချယ်နေဆဲ ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO




# တေးသံရှင်များစွာပါဝင်သည့် တေးဂီတဖျော်ဖြေပွဲကို တောင်ကြီးမြို့ အဝေရာမီးပုံးပျံကွင်းတွင် ပြုလုပ်သွားမည်ဖြစ်

ရန်ကုန် မေ ၄

တေးသံရှင်များစွာ ပါဝင်သည့် တေးဂီတဖျော်ဖြေပွဲကို ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ အဝေရာမီးပုံးပျံကွင်း၌ မေ ၉ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း တေးသံရှင် ဟန်ထွန်းထံမှ သိရသည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင် မျိုးကြီး၊ ဝိုင်ဝိုင်း၊ ဇော်ပိုင်၊ ဟန်ထွန်း၊ ရတနာမိုင်၊ ဂျူဝယ်၊ လိမ္မော်သီးနှင့် နန်းရတီခိုင်တို့က ပါဝင်သီဆိုဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ပြီး တေးသံရှင်များ၏သီဆိုမှုများကို Hi Music Band တေးဂီတအဖွဲ့က အကောင်းဆုံး ပံ့ပိုးတီးခတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ရှမ်းရိုးမရဲ့ အေးမြတဲ့လေညင်းနဲ့အတူ တောင်ကြီးမြို့ရဲ့ သင်္ကြန်အငွေ့အသက်ကို အတူဆင်နွှဲဖို့လာမဲ့ မေ ၉ ရက်မှာ တောင်ကြီးမြို့ အဝေရာမီးပုံးပျံကွင်းထဲ လာရောက်ကြဖို့ ဖိတ်ခေါ်လိုက်ပါတယ်"ဟု တေးသံရှင် ဟန်ထွန်းက ပြောပြသည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင်များနှင့်အတူ DJ R2, DJ SKIMM တို့ကလည်း အမြူးကြွဆုံး ဖျော်ဖြေတင်ဆက်ပေးကြမည်ဖြစ်ပြီး တေးဂီတဖျော်ဖြေပွဲကို တောင်ကြီးမြို့ အဝေရာမီးပုံးပျံကွင်းတွင် ညနေ ၃ နာရီမှ စတင်ကာ ည ၉ နာရီထိ ဖျော်ဖြေတင်ဆက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# Parties, associations and organizations release special congratulatory statements on election of Senior General Min Aung Hlaing as President

**Nay Pyi Taw April 4**

Senior General Min Aung Hlaing, selected as Vice-President by the group of elected Pyithu Hluttaw representatives, was elected as President by the Presidential Electoral College comprising all Pyidaungsu Hluttaw representatives at the presidential election on 3 April 2026. Hence, the New Generation Wunthanu Party, the Myanmar Hokkien Clan Association, the Myanmar-born Chinese Charity Association, the Myanmar-Chinese Chamber of Commerce, the Myanmar Wenzhou General Chamber of Commerce, the Myanmar-Anhui Chamber of Commerce, Yangon Yunnanese Association, the Guangdong Chamber of Commerce and Industry, the Myanmar-India Friendship Association, the Myanmar-India International Business Federation (MIIBF), the Association of Myanmar-Japan Socio- Economic Development Cooperation (AMJSEDC), the Myanmar Medical Council, the Myanmar Maternal and Child Welfare Association, the Myanmar Traditional Medical Council, the Myanmar Dental Medical Council, the Myanmar Private Hospitals Association, the Myanmar Pharmaceutical and Medical Device Manufacturer Association, the Myanmar Traditional Medicine Manufacturers and Medical Equipment Entrepreneurs Association, the Myanmar Nurse and Midwife Council, the Myanmar Red Cross Society, the Myanmar Chamber of Commerce for Pharmaceutical & Medical Device, the Myanmar Academy of Medical Sciences, the Myanmar Press Council, the Myanmar Interfaith Dialogue Group (Central), the Myanmar Motion Pictures Organization, the Islamic Religious Affairs Council Myanmar, , the Myanmar Gems & Jewellery Entrepreneurs Association, the Myanmar Steel Association, and the Myanmar Wushu Federation issued issued the special congratulatory messages over the election of Senior General Min Aung Hlaing as President.

The statements expressed special pride and pleasure that Senior General Min Aung Hlaing was elected as the President of the Republic of the Union of Myanmar by the Pyidaungsu Hluttaw. These associations and organizations conveyed full confidence that, as the President and with the new government, he will successfully lead the country's peaceful transition to a multiparty democratic system, implementing the policy of "Mother Figure People, Father Figure People", and fulfill the genuine wishes of the public in achieving durable peace, rule of law, and socioeconomic development, and endeavours to keep abreast of international community. It was affirmed that the President would govern in accordance with the six cardinal principles of leadership. Wishes were also expressed that President Senior General Min Aung Hlaing may enjoy peace of mind, good health, and personal well-being, and carry out his responsibilities for the nation in a healthy and prosperous manner. Furthermore, it was hoped that the Republic of the Union of Myanmar would enjoy peace, prosperity, and further development. 100

# Individuals involved in online gambling and fraud operations, along with related equipment, arrested in northern Shan State's Tangyan Township and Muse Town

During the arrest of individuals involved in online gambling and fraud in Tangyan Township.



50 Chinese male nationals seen.



1 Chinese female national seen.

**Nay Pyi Taw April 4**

The Myanmar government stated that it is prioritizing the fight against online fraud and illegal online gambling—activities that pose threats both regionally and globally—as a national responsibility. Efforts are being carried out in coordination not only with domestic forces but also with neighboring countries to ensure such criminal operations cannot be based within Myanmar.

Acting on tip-offs from local residents who oppose these activities, joint security forces conducted inspections and investigations this morning in Tangyan Township. During the operation, they discovered facilities used by online scam and gambling groups near Kaung San Village, approximately 25,000 meters northeast of the town. The site included three dormitories, two workshops, one dining hall, two kitchens, and 15 buildings under construction. A total of 121 individuals were arrested at the location, including 100 Chinese men, one Chinese woman, 12 Myanmar men, and eight Myanmar women. Authorities also seized equipment including two all-in-one computers, one desktop set, 21 laptops, 118 mobile phones, 16 Starlink devices, 13 wireless routers, and two generators.

In a separate operation the same evening, security personnel conducted a search in the Man Wein area of Swam Saw Ward in Muse, following reports of similar activities. Seven Chinese male suspects were arrested along with 36 mobile phones and 23 computers.

Officials stated that the suspects will face strict legal action in accordance with existing laws after investigations are completed. Seized materials will also be handled according to established procedures.

The government reiterated its commitment to eliminating online scam and gambling operations and preventing them from taking root in the country. It added that cooperation with neighboring nations, regional partners, and international organizations will continue to strengthen efforts to combat such crimes. 100

Equipment used in online gambling and fraud operations in Tangyan Township seen.



Living quarters



Building under construction



Equipment used in online gambling and fraud operations in Tangyan Township seen.

118 various phones



The house in Muse, Swam Saw Ward, where individuals involved in online gambling and fraud were arrested along with related equipment.

# Press Release

H.E. Mr. Daniel Ortega Saavedra and H.E. Mrs. Rosario Murillo, Co-Presidents of the Republic of the Nicaragua sends congratulatory message to H.E. Senior General Min Aung Hlaing, Acting President and Chairman of the State Security and Peace Commission of the Republic of the Union of Myanmar on his election as President of the Republic of the Union of Myanmar.

Excellency
Min Aung Hlaing,
President Elect of the
Republic of the Union of Myanmar
Nay Pyi Taw


On behalf of the People and Government of Reconciliation and National Unity of the Republic of Nicaragua, and on our own behalf, we wish to express our Warmest Congratulations on your Election as President of the Republic of the Union of Myanmar.

We take this opportunity to reiterate our commitment to continue strengthening the Bonds of Friendship and Solidarity that unite our Countries, with the certainty that we will continue advancing on the Paths of Peace, Stability, Progress, Well-being and Development for our Peoples.

From our Blessed and Always Free Nicaragua, please accept our Fraternal Embrace and the Affection of all Nicaraguan Families.

Daniel Ortega Saavedra
Rosario Murillo

# Chickpea trading booms at domestic market in Kyaunggon Township of Ayeyawady Region



Chickpeas seen at a market.

**Kyaunggon April 4**

Chickpea trading is boosting at the domestic market in Kyaunggon Township of Ayeyawady Region, said Daw Mar Mar Aye, the owner of pulse and beans whilesale centre in Kyaunggon Township.

In Kyaunggon Township, starting from the third week of March this year up to the present, demand for chickpeas (butter beans) has increased, and trading has been active. It is reported that weekly transactions have reached between 500 and 1,500 bags (16 pyi per bag).

"Chickpeas are being traded much more than before. The strong domestic consumption has led to improved market activity. The chickpeas currently being traded are old stocks left over from the winter season. As trading improves, more job opportunities are being created in the pulse sector. At present, locally produced pulses are not only being sold in local markets but are also seeing strong demand from Yangon," said Daw Mar Mar Aye.

In Kyaunggon Township, chickpeas and other pulses are being systematically cleaned and exported to purchasing areas. It is also reported that the current market price for chickpeas is up to K171,000 per 16-pyi bag. Kyaw Kyaw Lin

# Locals in Mingin Township finish winter green gram harvest during winter crop season

**Mingin April 4**

All green grams planted during this year's winter crop season in Minkin Township, Kalay District, Sagaing Region, have been fully harvested, according to the statistics of the Department of Agriculture for Mingin Township.

A total of 3,005 acres were cultivated, with harvesting beginning in January, and the average yield exceeded 19 baskets per acre.

"We conducted field visits to provide farmers with necessary technologies, quality seed varieties, and pest and disease control methods during the planting period," said Daw Hayman Kyaw Win, head of the Department of Agriculture for Mingin Township.

The Township Agriculture Department has provided education to farmers on green grams expansion, cultivation methods, GAP methods, cultivation of good varieties, and cultivation of high-yielding varieties.

During this year's winter crop planting season, the relevant township agriculture department has been working with farmers to provide them with good quality seeds, inputs, and post-harvest technology to improve the yield and quality of green grams. 206

# White House seeks 1.5 trillion USD in defense spending in 2027 budget proposal

**Washington April 4**

The White House Office of Management and Budget on Friday released its 2027 budget proposal, featuring defense spending rising to 1.5 trillion U.S. dollars, alongside major cuts to domestic programs.

The budget plan builds upon the "historic 1 trillion dollars topline" provided for the national defense by requesting 1.5 trillion dollars for 2027, a 44-percent increase, wrote White House budget director Russell Vought.

Meanwhile, the budget plan "builds on the president's vision by continuing to constrain non-defense spending and reform the federal government," proposing a 10-percent cut compared to 2026 non-defense levels, according to the document published on the White House official website.

At a White House event Wednesday, U.S. President Donald Trump highlighted defense spending as a priority, noting that domestic responsibilities such as health care should be shifted to the states.

"We're fighting wars. We can't take care of day care. You got to let a state take care of day care, and they should pay for it too," Trump said.

Xinhua



The USS Gerald R. Ford aircraft carrier arrives in Split, Croatia, on March 28, 2026.

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ဂျပန်၏ ဟိုက်ပါဆောနစ်ဒုံးကျည်အစီအစဉ်တွင် လိုအပ်သောဝန်ဆောင်မှုများအတွက် အမေရိကန်က ဒေါ်လာသန်း ၃၄၀ ဖိုး ရောင်းချပေးမည်



ဂျပန်နိုင်ငံ၏ ကိုယ်ပိုင်အဆင့်မြှင့်တင်ထားသော အလွန်မြန်သည့် ဟိုက်ပါဆောနစ်ဒုံးကျည် (Hyper Velocity Gliding Projectile – HVGP) အစီအစဉ်တွင် လိုအပ်သောစက်ပစ္စည်းများနှင့် ဝန်ဆောင်မှုများအတွက် အမေရိကန်က ဒေါ်လာသန်း ၃၄၀ ဖိုးရောင်းချပေးမည်ဖြစ်ကြောင်း Defence Blog သတင်းဌာနက ဧပြီ ၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤပံ့ပိုးမှုအစီအစဉ်တွင် ဒုံးကျည်ကိုယ်ထည်ကို တိုက်ရိုက်ရောင်းချခြင်းမဟုတ်ဘဲ ဂျပန်နိုင်ငံ၏ တာဝေးပစ်ဒုံးကျည်အစီအစဉ်အတွက် လိုအပ်သော စမ်းသပ်မှုပြင်ဆင်ခြင်းများ၊ စက်ပစ်ကွင်းဆိုင်ရာပံ့ပိုးမှုများ၊ သယ်ယူပို့ဆောင်ရေးနှင့် ဆက်စပ်ပံ့ပိုးပို့ဆောင်ရေး (Logistics) ဝန်ဆောင်မှုများကို အဓိကထား ကူညီပေးသွားမည်ဖြစ်သည်။

အင်ဒို–ပစိဖိတ်ဒေသအတွင်း ဝေးလံသောကျွန်းစုများကို ကာကွယ်ရေးနှင့် အဟန့်အတားဖြစ်စေမည့် တာဝေးပစ်စစ်ဆင်ရေးစနစ်များကို ဂျပန်နိုင်ငံက အရှိန်အဟုန်မြှင့် တည်ဆောက်နေချိန်တွင် အမေရိကန်၏ ဤအတည်ပြုချက်ထွက်ပေါ်လာခြင်းဖြစ်သည်။

ဤအစီအစဉ်သည် ဂျပန်နိုင်ငံက ကိုယ်တိုင်ထုတ်လုပ်ထားသည့် HVGP ဒုံးကျည်စနစ်များကို လက်တွေ့စစ်ဆင်ရေးများတွင် အမြန်ဆုံး အသုံးပြုနိုင်ရန်အတွက် လိုအပ်သော အခြေခံအဆောက်အအုံနှင့် နည်းပညာပိုင်းဆိုင်ရာဝန်ဆောင်မှုများကို အားဖြည့်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ ဂျပန်အစိုးရသည် ၎င်းတို့၏ ကိုယ်ပိုင်အဆင့်မြှင့်တင်ထားသော ဟိုက်ပါဆောနစ်ဒုံးကျည်(HVGP) စွမ်းဆောင်ရည်အတွက် လိုအပ်သော စက်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို တောင်းခံခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဤပံ့ပိုးမှုအစီအစဉ်တွင် ဒုံးကျည်စမ်းသပ်မှုအတွက် လိုအပ်သော ပြင်ဆင်မှုများ၊ စမ်းသပ်မှုဆိုင်ရာပံ့ပိုးမှုများနှင့် သယ်ယူပို့ဆောင်ရေး လုပ်ငန်းစဉ်များ အသေးစိတ်ပါဝင်သည်။ အဆိုပါ ဒေါ်လာသန်း ၃၄၀တန်ပံ့ပိုးမှုအစီအစဉ်တွင် ပါဝင်သော အဓိကလုပ်ငန်းစဉ်များမှာ စက်ပစ်ကွင်းစောင့်ကြည့်ရေး၊ ဘေးကင်းလုံခြုံရေး၊ ရေဒီယိုလှိုင်းနှုန်းစဉ် သတ်မှတ်ချက်များနှင့် စမ်းသပ်မှုအစီအစဉ်ရေးဆွဲခြင်းများ၊ စမ်းသပ်မှုအတွက် လိုအပ်သော ရေ၊ မီး၊ ဂက်စ်စသည့် အခြေခံအသုံးအဆောင်များ၊ ရုံးခန်းအဆောက်အအုံများနှင့် အုပ်ချုပ်မှုဆိုင်ရာဝန်ဆောင်မှုများ၊ စမ်းသပ်မှုဆိုင်ရာ အချက်အလက်ဝန်ဆောင်မှုများ၊ ပတ်ဝန်းကျင်နှင့် နေရာအတည်ပြုချက်များ၊ တိုင်းတာရေးကိရိယာများ ဝယ်ယူခြင်း၊ စမ်းသပ်ကိရိယာများ သယ်ယူပို့ဆောင်ခြင်းနှင့် အမေရိကန်– ဂျပန် နှစ်နိုင်ငံကြား ညှိနှိုင်းအစည်းအဝေးများ HVGP (Hyper Velocity Gliding Projectile) ဒုံးကျည်သည် အလွန်မြန်သောအရှိန်ဖြင့် ပျံသန်းနိုင်ရုံသာမက လမ်းကြောင်းအမျိုးမျိုးသို့ ကွေ့ဝိုက်ပျံသန်းနိုင်သည့် တာဝေးပစ်ဒုံးကျည်အမျိုးအစားဖြစ်သည်။ ဤကဲ့သို့သော ပျံသန်းမှုလမ်းကြောင်းများသည် သမားရိုးကျလေကြောင်းရန်ကာကွယ်ရေးစနစ်များက ကြားဖြတ်ဟန့်တားရန် ခက်ခဲစေရန် ရည်ရွယ်ထားခြင်းဖြစ်သည်။ ထူးခြားချက်မှာ ဂျပန်ကြည်းတပ်၊ ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ (JGSDF)က Type–25 HVGP ဒုံးကျည်စနစ်ကို စတင် တပ်ဖြန့်လိုက်ပြီဖြစ်ကြောင်း အတည်ပြုပြီး ရက်ပိုင်းအတွင်းမှာပင် အမေရိကန်၏ ယခုကဲ့သို့ ကူညီပံ့ပိုးမှု ပေါ်ထွက်လာခြင်းဖြစ်သည်။

သို့ဖြစ်ရာ ဂျပန်နိုင်ငံ၏ တာဝေးပစ်ကာကွယ်ရေးမဟာဗျူဟာကို လက်တွေ့စစ်ဆင်ရေးအဆင့်သို့ ကူးပြောင်းရာတွင် အမေရိကန်က ဘက်စုံ ပံ့ပိုးကူညီနေခြင်းဖြစ်ကြောင်း ဖော်ညွှန်းပြသလျက်ရှိကြောင်း သိရသည်။

U.S. approves $340M support package for Japan's hypersonic missile **ကို ဘာသာပြန်ဆိုထားပါသည်။**

---

## ယူကရိန်းကာကွယ်ရေးဝန်ကြီးဌာနက ဒရုန်းရန်ကာကွယ်ရေး ကိုယ်ပိုင်ထုတ် Shvidun စနစ်ကို အသုံးပြုရန်အတည်ပြု

ယူကရိန်းကာကွယ်ရေးဝန်ကြီးဌာနသည်နိုင်ငံအတွင်း ကိုယ်တိုင်ထုတ်လုပ်ထားသည့် Shvidun(ရှွိဒန်)အမည်ရှိ ဒရုန်းတိုက်ဖျက်ရေးစနစ်(UAS)ကို စစ်ဆင်ရေးများတွင် အသုံးပြုရန် အတည်ပြုလိုက်ပြီဖြစ်သည်ဟု The Defense Post သတင်းဌာနက ဧပြီ ၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤစနစ်သည် ရန်သူ့ဒရုန်းများကို ပြန်လည် တိုက်ခိုက်ချေမှုန်းနိုင်သည့် ကြားဖြတ်တိုက်ခိုက်ရေးဒရုန်း စနစ်တစ်ခုဖြစ်သည်။

Shvidun စနစ်ကို ရုရှားတို့ အသုံးပြုလေ့ရှိသည့် Shahed ကဲ့သို့သော အသေခံတိုက်ခိုက်ရေးဒရုန်းများနှင့် ထောက်လှမ်းရေးဒရုန်းအမျိုးမျိုးကို ကြားဖြတ်တိုက်ခိုက်ရန် ဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်။ လက်ရှိတွင် အဆိုပါစနစ်များကို ရှေ့တန်းစစ်မျက်နှာပြင်များ၌ တပ်ဖြန့်ထားပြီးဖြစ်ကာ မြို့ပြဒေသများကို ဒရုန်းများဖြင့် အဆက်မပြတ် တိုက်ခိုက်နေမှုများမှ ကာကွယ်ရန် အသုံးပြုလျက်ရှိသည်။ သတင်းများအရ Shvidun စနစ်သည် ရန်သူ့ဒရုန်း အစင်းပေါင်း ၁၀၀ ခန့်ကို အောင်မြင်စွာပစ်ချနိုင်ခဲ့ပြီဟု သိရသည်။

ယူကရိန်းအရာရှိများ၏ ပြောကြားချက်အရ Shvidun ကြားဖြတ်တိုက်ခိုက်ရေးဒရုန်းသည် လက်ရှိအသုံးပြုနေသော ကိုယ်ပိုင်ထုတ်ဒရုန်းများအနက် အရေအတွက်အမြောက်အမြားဖြင့် လာရောက်တိုက်ခိုက်သည့် ဒရုန်းရန်ကို ကာကွယ်ရာတွင် အထိရောက်ဆုံးစနစ်တစ်ခုဖြစ်သည်။

ဤကဲ့သို့ တန်ဖိုးနည်းပြီး လျင်မြန်စွာတပ်ဖြန့်နိုင်သည့် ကြားဖြတ်တိုက်ခိုက်ရေးဒရုန်းများကို အသုံးပြုခြင်းမှာ အဆင့်မြင့် လေကြောင်းရန်ကာကွယ်ရေးစနစ်များနှင့်ပေါင်းစပ်ကာ အဆင့်ဆင့်သော ကာကွယ်ရေးကွန်ရက်(Layered Air Defense)တည်ဆောက်ရန် ကြိုးပမ်းမှု၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။



ယူကရိန်းထုတ် Shvidun ကြားဖြတ်တိုက်ခိုက်ရေးဒရုန်းသည် အလေးချိန် ၈ ကီလိုဂရမ် (၁၇ ဒသမ ၆ ပေါင်) ခန့်သာရှိပြီး တောင်ပံအကျယ် ၂ မီတာ (၆ ဒသမ ၆ ပေ)ခန့်ရှိသော ပေ့ါပါးသည့်တောင်ပံတပ်ဒရုန်းအမျိုးအစားဖြစ်သည်။ ၎င်းကို ပေါင်းစပ်ပစ္စည်းများဖြင့် တည်ဆောက်ထားသောကြောင့် ပေ့ါပါးကျစ်လျစ်မှုကို ရရှိစေသည်။

ဤဒရုန်းကို အရှိန်ပြင်းပြင်းဖြင့် ကြားဖြတ်တိုက်ခိုက်နိုင်ရန် ဒီဇိုင်းထုတ်ထားပြီး တစ်နာရီလျှင် ကီလိုမီတာ ၂၅၀ (၁၅၅ မိုင်) ကျော်နှုန်းဖြင့် ပျံသန်းနိုင်ကာ အမြင့်ပေ ၁၉၀၀၀ ကျော် (မီတာ ၆၀၀၀) ထိ တက်ရောက်နိုင်စွမ်းရှိသည်။ ထို့ပြင် ကီလိုမီတာ ၇၀ ကျော် အကွာအဝေးထိ စစ်ဆင်နိုင်ပြီး လေထဲတွင် နှစ်နာရီကျော်ကြာ အဆက်မပြတ် ပျံသန်းနိုင်သည့် စွမ်းဆောင်ရည်ရှိသည်။

အရှိန်ပြင်းစွာ ပျံသန်းချိန်တွင် တုန်ခါမှုနည်းပါးစေရန် လေခွင်းအားစနစ်(Aerodynamic design)ကို အဆင့်မြင့်မားစွာပြုလုပ်ထားသဖြင့် တပ်ဆင်ထားသော ကင်မရာမှတစ်ဆင့် ရုပ်ထွက်ကြည်လင်သောပုံရိပ်များကိုရရှိစေသည်။ ၎င်း၏ နောက်ထပ်အားသာချက်တစ်ခုမှာ အနိမ့်ဆုံးအရှိန်ဖြင့် ပျံတက်ခြင်းနှင့် ဆင်းသက်ခြင်းတို့ကို ပြုလုပ်နိုင်ခြင်းဖြစ်သည်။

ထို့ကြောင့် တိုက်ခိုက်မှုမပြုလုပ်ဖြစ်တော့သည့်အခါမျိုးတွင် ဒရုန်းကို အန္တရာယ်ကင်းစွာ ပြန်လည်ဆင်းသက်စေပြီး နောက်တစ်ကြိမ် ထပ်မံအသုံးပြုနိုင်သောကြောင့် ရေရှည်စစ်ဆင်ရေးများတွင် ဆုံးရှုံးမှုနှုန်းကို လျှော့ချပေးနိုင်ကြောင်း သိရသည်။

Ukraine Fields Locally Developed Shvidun Counter–Drone System **ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# မြင်းမူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဂျုံ ၄၅၄၅ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**စစ်ကိုင်း မေ ၄**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဂျုံ ၄၅၄၅ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြင်းမူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ၈၈၀၈ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသောဂျုံစိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလမှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၄၅၄၅ ကေ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၂၀ ဒသမ ၈၉ တင်းထွက်ရှိကြောင်း သိရသည်။

"မြင်းမူမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဂျုံ ၈၈၀၈ ကေထိစိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ဂျုံခင်းတွေ လက်ရှိအချိန်မှာ ရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ကေ ၄၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ ဂျုံစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တောင်သူတွေကို အသိပညာပေးဆွေးနွေးတာတွေ လုပ်ခဲ့ပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

မြင်းမူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံများ အထွက်နှုန်း တိုးတက်ကောင်းမွန်စေရေး၊ အရည်အသွေးကောင်း ဂျုံများ စနစ်တကျ စိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး စသည့်လုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဂျုံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ ဂျုံကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ငါးကြင်းပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ကျိုက်လတ် မေ ၄**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ငါးကြင်း ပိဿာချိန်အများအပြား တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းဌေးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်းက ငါးကြင်းပိဿာချိန် ၄၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ်လအတွင်း ငါးကြင်း ပိဿာချိန် ၆၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ငါးကြင်းများကို ရန်ကုန်ဈေးကွက်မှ ဝယ်ယူမှုကောင်းလာခြင်းကြောင့် တင်ပို့အားတက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

''လက်ရှိမှာ ငါးကြင်းတွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေတာကြောင့် ငါးကြင်း တင်ပို့ရောင်းချအား တက်ခဲ့တာပါ။ ရန်ကုန်ဈေးကွက်က ငါးကြင်းတွေ ကိုပြီးခဲ့တဲ့ မတ်လ ပထမပတ် လောက်တည်းက ပိုမိုတင်ပို့ခဲ့ရပါတယ်။ ရန်ကုန် ဈေးကွက်ကနေ ငါးကြင်းတွေ အဝယ်လိုက်နေတာကြောင့် ပွဲရုံပိုင်ရှင်များ၊ ရေလုပ်သားများ၊ ကုန်တင်ကုန်ချ အလုပ်သမားများ အလုပ်အကိုင် အဆင်ပြေလျက်ရှိပါတယ်'' ဟု ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းဌေးက ပြောပြသည်။



ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသရေထွက်ကုန်များကိုဝယ်ယူပြီး ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး အဆိုပါ ငါးကြင်းတစ်ပိဿာလျှင် ငွေကျပ် ၁၈၀၀၀ မှ ၁၉၅၀၀ ထိ ပေါက်ဈေးရှိကြောင်း ကျိုက်လတ်မြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းဌေးထံမှ သိရသည်။

ကျော်ကျော်လင်း

# တောင်တွင်းကြီးမြို့နယ် ရေထွက်ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**တောင်တွင်းကြီး မေ ၄**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေထွက်ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို မေ ၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးအရာရှိ ဒေါ်စိုးသီတာနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းနှင့် အခြားစီးပွားရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ စာရင်းဇယားများဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်း ကောင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကျေးရွာ၌ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ၂၅ ဦးကို ငွေကျပ် ၇၅ သိန်း၊ မွေးမြူရေး လုပ်ငန်း လုပ်ကိုင်သူ ၁၁၇ ဦးကို ငွေကျပ်သိန်း ၃၃၀၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ငါးဦးကိုငွေကျပ် ၁၅ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၇ ဦးတို့ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၄၂၀ ထုတ်ချေးပေးထားကြောင်း တောင်တွင်းကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

နွဲ့ယဉ်




# ညောင်လေးပင်မြို့နယ် အောင်းကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး



**ညောင်လေးပင် မေ ၄**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လှည်းဆိပ်ကျေးရွာအုပ်စု အောင်းကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို မေ ၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိမိအောင်က မြစိမ်းရောင်ကျေးရွာ စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ ကျေးရွာသူ၊ ကျေးရွာသားများထားရှိရမည့် ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ ရှင်းလင်းပြောကြားပြီးမြို့နယ်ဦးစီးမှူးက စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၇၀ ဒသမ ၆ သန်း လွှဲပြောင်း ပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက အောင်းကြီးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း မွေးမြူရေး လုပ်ငန်းလုပ်ကိုင်မည့်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၆ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေကျပ် ၇၀ ဒသမ ၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိမိအောင်က ပြောပြ၍ သိရသည်။

မောင်ခိုင်

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။




ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် ဥပဒေဘောင်အတွင်းဝင်ရောက်လာသူတစ်ဦးကို လက်ဆောင်ပစ္စည်းများနှင့် ဆုကြေးငွေများ ပေးအပ်စဉ်။

☆ **ဥပဒေဘောင်အတွင်းဝင်ရောက်မှု**

လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသည့် KIA အဖွဲ့ဝင် အမျိုးသား တစ်ဦး၊ KPDF အဖွဲ့ဝင် အမျိုးသား တစ်ဦး၊ PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ခြောက်ဦး စုစုပေါင်း အမျိုးသား ရှစ်ဦးတို့ကို တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဗလမင်းထင်ခန်းမ၌ ပြုလုပ်ရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြသူများနှင့် ၎င်းတို့၏မိဘများတက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ချုပ်က အမှာစကားပြောကြားပြီး တိုင်းမှူးက အလင်းဝင်ရောက်လာသူ လူငယ်များကိုအသိပညာပေးရှင်းလင်းပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူပါရှိလာသည့် MA-1 သေနတ် တစ်လက်၊ MA-4 သေနတ် တစ်လက်၊ M-22 သေနတ် တစ်လက်၊ K-25 လောင်ချာနှစ်လက်၊ K-25 သေနတ် တစ်လက်၊ M-23 စက်လတ် တစ်လက်၊ M-80 တရုတ်စက်လတ် တစ်လက်၊ Type-81 သေနတ် တစ်လက်၊ MG-1 လက်ပစ်ဗုံး တစ်လုံး၊ ၄၀ မမဗုံးသီး ၁၀ လုံး၊ ၅ ဒသမ ၅၆ မမကျည် ၃၂၆ တောင့်၊ ၇ ဒသမ ၆၂ မမ ကျည် ၄၀၅ တောင့်၊ ကျည်ခါးပတ်တွဲ တစ်ခု၊ ကျည်အိမ်မျိုးစုံ ၁၅ ခုနှင့် ဆက်စပ်ပစ္စည်းများကို လွှဲပြောင်းအပ်နှံရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများကို မောင်းပြန်ရိုင်ဖယ် လေးလက်အတွက် ငွေကျပ်သိန်း ၂၀၀၊ စက်လတ် နှစ်လက်အတွက် ငွေကျပ်သိန်း ၁၀၀၊ MA-4 တစ်လက်အတွက် ငွေကျပ် ၇၅ သိန်း၊ K-25 လောင်ချာ နှစ်လက်အတွက် ငွေကျပ် သိန်း ၁၅၀၊ MG-1 လက်ပစ်ဗုံးတစ်လုံးအတွက် ငွေကျပ်သုံးသိန်း စုစုပေါင်းငွေကျပ် ၅၂၈ သိန်းနှင့် အလင်းဝင်ရောက်လာသူများအတွက် ငွေကျပ်သိန်း ၈၀ စုစုပေါင်းငွေကျပ် ၆၀၈ သိန်းကို ပေးအပ်ပြီး ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးကြသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူ တစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။


အဆိုပါဥပဒေဘောင်အတွင်းသို့ဝင်ရောက်လာကြသည့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ အဖွဲ့ဝင်များနှင့် PDF အမည်ခံအဖွဲ့များမှ အဖွဲ့ဝင်များသည် အတင်းအဓမ္မစုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများကို ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းစသည့်အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် လူမျိုးရေးခွဲခြားဆက်ဆံမှုနှင့် အဆင့်အတန်းခွဲခြား၍ အချင်းချင်းဗိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုများကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာနေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများကို ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးပြီး မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများကျန်ရှိနေသေးကြောင်း သိရှိရပြီး ယခုကဲ့သို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပြီး လိုအပ်သည့်ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်၊ ခဲယမ်းများအတွက် ဆုကြေးငွေများပေးအပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ကြားသိရပါသည် -

"ရွှေမျှောလုပ်နေရင်းနဲ့ ပေါ်တာအဆွဲခံရတာဖြစ်ပါတယ်။ ဆွဲတာက KIA တွေဆွဲတာ၊ အဲဒါတာပြီးတော့ ကျွန်တော့်ကို သင်တန်းကုန်းကိုပို့တယ်။ ကျွန်တော်တို့ အရှေ့မှာနေရတာတွေက PDF တွေချည်းပဲနေရတာ။ KIA တွေက အနောက်မှာပဲနေတာဗျ။ အရှေ့မှာနေတဲ့ PDF လူငယ်တွေ၊ ကျွန်တော်တို့ မြန်မာလူမျိုးတွေအရှေ့မှာ တာဝန်ထမ်းဆောင်တဲ့ လူတွေကကျည်ကာမပါဘာမပါနဲ့ ဒီတိုင်းသေနတ်တစ်လက်နဲ့ သူတို့ပေးတဲ့ ကျည်ဆန်နဲ့အရှေ့မှာ စစ်တိုက်ခိုင်းတယ်။ အနောက်မှာနေတဲ့ KIA တွေတော့ကျည်ကာ Equipment အပြည့်အစုံနဲ့ နေရတာဗျ။ ပြီးတော့ ရပ်ရွာနေရာမှာပဲ သူတို့အုပ်ချုပ်တယ်၊ အခွန်တွေကောက်တယ်။ သူတို့ကျတော့ အနောက်မှာပဲ ကျည်လွတ်မြေမှာပဲသူတို့နေကြတယ်ဗျ။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ကပြည်သူ့ကာကွယ်ရေးနဲ့ ပေါင်းတယ်ဆိုပြီးမှ သူတို့နာမည်ခံမှတ်ယူတာ။ ရွာထဲရပ်ထဲမှာကျရင် အိမ်ပိတ်ထားတဲ့ဟာတွေဆိုရင် အိမ်တွေကို ဖောက်တယ်။ အဲ့ဒီမှာရှိတဲ့ သယံဇာတတွေတစ်ခုခုပေါ့ တန်ကြေးရှိတဲ့ဟာတွေ၊ နောက်ဆုံးကျွန်တော်မြင်ခဲ့တာပြောရမယ်ဆိုရင်တော့ စက်ချုပ်တဲ့ အပ်ချုပ်စက်တွေကအစ၊ ပန်းအိုးတွေ အဲဒါတွေကအစ သူတို့ယူတယ် သိမ်းတယ်၊ ပရိဘောဂပစ္စည်းတွေသူတို့မှာ မရှိတဲ့ဟာတွေယူတယ်။ အလင်းဝင်ရောက်လာတဲ့ အချိန်မှာ အစကတော့ ကျွန်တော်တို့ ကြောက်ခဲ့တာပေါ့၊ တပ်မတော်ဘက်က အန္တရာယ်ပြုမှာတို့၊ ထောင်ချမှာတို့၊ သတ်ဖြတ်မှာလို့ထင်ခဲ့တာ။ တကယ်တော့ အဲ့ဒီလိုမျိုး မဟုတ်ဘူး၊ ဒီရောက်တော့ တကယ့်ညီအစ်ကိုရင်းချာလိုပဲ၊ မိသားစုဝေးကွာခဲ့တဲ့ မိသားစုကို ပြန်ပြီးဆုံတွေ့ရသလို ပျော်ပျော်ပါးပါးနဲ့ အဲ့ဒီလိုမျိုးကြိုဆိုတယ်။ ညီအစ်ကိုတွေအမြန်ဆုံးလာခဲ့ပါ၊ အမြန်ဆုံးအလင်းဝင်လာခဲ့ပါ။ တပ်မတော်က နွေးနွေးထွေးထွေးနဲ့ကြိုဆိုပါတယ်။ လက်ဖျားနဲ့တောင်မှ မတို့ပါဘူးဗျာ။ ကောင်းကောင်းမွန်မွန် နွေးနွေးထွေးထွေးနဲ့ ထားပြီးတော့ ကျွေးမွေးတယ်။ အဲဒါပြီးရင် ကျွန်တော့်မိဘရပ်ထံကို အပ်နှံပေးတယ်။ ပြီးတော့ ရိုက်နှက်တာဘာမှမရှိပါဘူးဗျ"ဟု ပြောသည်။

တန့်ယန်းမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ မြန်မာနိုင်ငံသား အမျိုးသမီး ရှစ်ဦး ဖမ်းဆီးရမိမှုမှတ်တမ်းဓာတ်ပုံ။



တန့်ယန်းမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ မြန်မာနိုင်ငံသား အမျိုးသား ၁၂ ဦး ဖမ်းဆီးရမိမှုမှတ်တမ်းဓာတ်ပုံ။



တန့်ယန်းမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင်အသုံးပြုသည့် လူနေအိပ်ဆောင်ကို တွေ့ရစဉ်။



တန့်ယန်းမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင်အသုံးပြုသည့် အလုပ်ရုံကို တွေ့ရစဉ်။



တန့်ယန်းမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် All in one ကွန်ပျူတာ နှစ်လုံး၊Desktop တစ်စုံ၊ Laptop ၂၁ လုံး သိမ်းဆည်းရမိသည့် မှတ်တမ်းဓာတ်ပုံ။



တန့်ယန်းမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် Wireless Router ၁၃ လုံး သိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံ။



တန့်ယန်းမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် Starlink ၁၆ ခု သိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံ။



တန့်ယန်းမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် မီးစက်နှစ်လုံး သိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံ။

# အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါသည်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံရသော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆန္ဒပြုအပ်ပါသည်။

**စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၉)မှ**
**သူငယ်ချင်းများနှင့်မိသားစုများ**

## ရွှေဘိုမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ကုလားပဲ ၂၄၄၅ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ရွှေဘို ဧပြီ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ကုလားပဲ ၂၄၄၅ ဧကထိ ရိတ်သိမ်း ပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၄၆၅၇ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ကုလားပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလ ဒုတိယပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၂၄၄၅ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၂၆ ဒသမ ၂ တင်း ထွက်ရှိကြောင်း သိရသည်။

"ရွှေဘိုမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကုလားပဲ ၄၆၅၇ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ကုလားပဲခင်းတွေ လက်ရှိအချိန်မှာတော့ ရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ၂၄၄၅ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ကုလားပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ကုလားပဲအထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ရေးအတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက် ပေးခဲ့ပါတယ်"ဟု ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြသည်။

ရွှေဘိုမြို့နယ်၌ ကုလားပဲစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်း ကောင်းမွန်သည့် ရေဆင်း (၈) နှင့် ရေဆင်း (၁၁) မျိုးများကို ရွေးချယ်စိုက်ပျိုးကြကြောင်း၊ ကုလားပဲ တစ်ဧက စိုက်ပျိုးပါက ငွေကျပ် သုံးသိန်းကျော်ကုန်ကျကြောင်း သိရသည်။

ကုလားပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ ကုလားပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူးဦးဆန်းဦးက ပြောပြ၍ သိရသည်။ (၂၀၆)

## မိုးကောင်းမြို့နယ် အင်ကြင်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မိုးကောင်း ဧပြီ ၄**

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အင်ကြင်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားမှုအခြေအနေများကို ဧပြီ ၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုးကောင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေဝင်းနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက အင်ကြင်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်ထားမှု အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများ မှန်ကန်စွာရေးသွင်းထားမှုနှင့် စီမံကိန်း လက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ထားမှု ရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေဝင်းက လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ အင်ကြင်းကုန်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၆ ဦးကို ငွေကျပ် ၂၄၅ သိန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၄၉ ဦးကို ငွေကျပ် ၂၃၉ သိန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် ၄၃ သိန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် ၁၀ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၅၃၇ သိန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**ချစ်ဦးကို**

**စာပေမြင့်မှ လူမျိုးတင့်မည်**

# S-400 လေကြောင်းရန်ကာကွယ်ရေးစနစ်နှင့် တိုက်ခိုက်ရေးဒရုန်းများဝယ်ယူသွားမည့် အိန္ဒိယနိုင်ငံ

အိန္ဒိယနိုင်ငံသည် တရုတ်၊ ပါကစ္စတန်နိုင်ငံတို့နှင့် ပြိုင်ဆိုင်မှုမြင့်တက်နေသည့်အချိန်၌ အမေရိကန်ဒေါ်လာ ၂၅ ဘီလီယံခန့် တန်ဖိုးရှိသော S-400 လေကြောင်းရန် ကာကွယ်ရေးစနစ်များ၊ အဆင့်မြင့်တိုက်ခိုက်ရေးဒရုန်းများနှင့် သယ်ယူပို့ဆောင်ရေးလေယာဉ်အသစ်များဝယ်ယူသွားရန် အဆိုပြုချက်ကို အတည်ပြုခဲ့သည်။ ထိုသို့ ဆုံးဖြတ်လိုက်ခြင်းသည် တောင်အာရှနှင့် အင်ဒို-ပစိဖိတ်ဒေသတို့တွင် စစ်ရေးဆိုင်ရာ ပြိုင်ဆိုင်မှုများ ရုတ်ခြည်းမြင့်တက်လာနိုင်ပေသည်။

အိန္ဒိယနိုင်ငံအနေဖြင့် စစ်ဘက်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုအစီအစဉ်များကို စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်လျက်ရှိရာ အဆိုပါခွင့်ပြုချက်သည် အိန္ဒိယနိုင်ငံအနေဖြင့် ဘက်ပေါင်းစုံမှ မဟာဗျူဟာမြောက်ဖိအားများမြင့်တက်လာသည့်အချိန်၌ တပ်ဖွဲ့များ ခေတ်မီအဆင့်မြှင့်တင်တည်ဆောက်မှုကို အရှိန်အဟုန်ဖြင့် လုပ်ဆောင်လျက်ရှိကြောင်း ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။

လက်ရှိ ခွင့်ပြုထားသော စစ်လက်နက်ပစ္စည်းဝယ်ယူမှုများတွင် လေကြောင်းရန်ကာကွယ်ရေးစနစ်၊ သယ်ယူပို့ဆောင်ရေးလေယာဉ်၊ မောင်းသူမဲ့တိုက်ခိုက်ရေးဒရုန်းများ၊ အမြောက်၊ ဆက်သွယ်ရေးနှင့် ပင်လယ်ရေကြောင်းဆိုင်ရာ စစ်ရေယာဉ်များလည်း ပါရှိမည်ဖြစ်သည်။ အိန္ဒိယနိုင်ငံအနေဖြင့် ကြည်း၊ ရေ၊ လေ တပ်ဖွဲ့များကို တစ်ခုချင်းလိုက် ခေတ်မီအဆင့်မြှင့်တင်တည်ဆောက်နေခြင်းမဟုတ်ဘဲ တစ်ချိန်တည်း တစ်ပြိုင်တည်း ဖြစ်ပေါ်လာသည့်အရေးပေါ်အခြေအနေများအတွက် ပေါင်းစပ်တပ်ဖွဲ့စည်းမှုပုံစံကို တည်ဆောက်နေခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံ၏ စီမံကိန်းရေးဆွဲသူများအနေဖြင့် အနာဂတ်ပဋိပက္ခများသည် တပ်ဖွဲ့အနည်းငယ်သာ ဖြန့်ကြက်ရန်လိုအပ်သည့် နယ်စပ်ပြဿနာများထက် စစ်နယ်ဝန်းအမျိုးမျိုးမှ ခြိမ်းခြောက်လာနိုင်သည်ကို မျှော်မှန်းထားသဖြင့် တပ်ဖွဲ့အားလုံးအတွက် ယခုကဲ့သို့ တန်ဖိုးကြီးမားသည့် ခေတ်မီစစ်လက်နက်မျိုးစုံကို တစ်ချိန်တည်း တစ်ပြိုင်တည်း ဝယ်ယူသွားရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ကာကွယ်ရေးဝန်ကြီး ရာနတ်ဆင်း ဦးဆောင်သော ကာကွယ်ရေးပစ္စည်းဝယ်ယူရေးကောင်စီသည် စစ်လက်နက်ပစ္စည်းဝယ်ယူရေးဆိုင်ရာ အဆိုပြုချက်များကိုလက်ခံကာ တရားဝင်တင်ဒါခေါ်ယူခြင်း၊ ဆန်းစစ်အကဲဖြတ်ခြင်း၊ ဆွေးနွေးခြင်းနှင့် ကန်ထရိုက်စာချုပ်ချုပ်ဆိုခြင်းဆိုင်ရာ ကိစ္စရပ်များကို လုပ်ဆောင်သွားမည်ဖြစ်သည်။ ကာကွယ်ရေးဝန်ကြီး ရာနတ်ဆင်းက စစ်လက်နက်ပစ္စည်းဝယ်ယူရေးဆိုင်ရာ အတည်ပြုချက်များသည် အိန္ဒိယနိုင်ငံ၏ ကာကွယ်ရေးဆိုင်ရာ အသင့်ဖြစ်မှုကို ခိုင်မာအားကောင်းစေမည်ဖြစ်ကြောင်း၊ ရွေ့ပြောင်းစစ်ကစားနိုင်မှု၊ လေကြောင်းရန်ကာကွယ်ရေး၊ ကွပ်ကဲမှုစနစ်များနှင့်တာဝေးတာဝန်ထမ်းဆောင်မှုတို့တွင် လိုအပ်လျက်ရှိသော ရေရှည်မဟာဗျူဟာယှဉ်ပြိုင်မှုတို့အတွက် ပေါင်းစပ်ကာကွယ်ရေးစနစ်များ တည်ဆောက်သွားရန်လိုအပ်နေဆဲဖြစ်ကြောင်း ပြောကြားသွားခဲ့သည်။

လက်ရှိ ဝယ်ယူရန် အတည်ပြုထားသော စစ်လက်နက်ပစ္စည်းများကို ချက်ခြင်းလွှဲပြောင်းလက်ခံရရှိဦးမည်မဟုတ်သေးသော်လည်း အိန္ဒိယနိုင်ငံအနေဖြင့် ထွက်ပေါ်လာသောခြိမ်းခြောက်မှုများနှင့် တိုက်ခိုက်ရေးဆိုင်ရာစွမ်းဆောင်ရည်တို့ကြား ကွာဟချက်များကိုဖြည့်ဆည်းရန် ကြိုးပမ်းနေမှုကိုထင်ဟပ်စေလျက်ရှိသလို တပ်ဖွဲ့အားလုံးကို အပြည့်အဝပြောင်းလဲဖွဲ့စည်းတည်ဆောက်ရန် စက်မှုနှင့်ဘဏ္ဍာရေးဆိုင်ရာ ကတိကဝတ်များကို ကာလအတန်ကြာ တည်ဆောက်သွားရဦးမည်ဖြစ်သည်။

အိန္ဒိယနိုင်ငံသည် ရုရှားနိုင်ငံထုတ် S-400 အမျိုးအစား တာဝေးပစ်ခတ်နိုင်သော မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်စနစ်များ ထပ်မံဝယ်ယူသွားရန်ဆုံးဖြတ်ခဲ့ခြင်းသည် နိုင်ငံတော်ကာကွယ်ရေးနှင့်စစ်နယ်ဝန်းကာကွယ်ရေးအဖြစ် စွမ်းဆောင်ရည်မြှင့်တင်သွားရန် ရည်မှန်းလုပ်ဆောင်နေခြင်းဖြစ်သည်။ စစ်လက်နက်ပစ္စည်းများဝယ်ယူရေးတွင် တပ်ခွဲ ငါးခွဲစာအတွက် S-400 လေကြောင်းရန် ကာကွယ်ရေးစနစ်ကို



S – 400 လေကြောင်းရန်ကာကွယ်ရေးစနစ်ကို တွေ့ရစဉ်။

ဖြည့်ဆည်းပေးသွားမည်ဖြစ်ပြီး အရေးကြီးသော စစ်ဘက်နှင့် အရပ်ဘက်ဆိုင်ရာ အခြေခံအဆောက်အအုံများကို တိုက်ခိုက်လာနိုင်သည့် တိုက်လေယာဉ်များ၊ ဒရုန်းများ၊ ပဲ့ထိန်းဒုံးကျည်နှင့် ခရုဇ်ဒုံးကျည်များကို ကာကွယ်နိုင်ရန် ရည်မှန်းထားရှိသည်။ ထို့ကြောင့် S-400 တပ်ခွဲများတိုးချဲ့ခြင်းသည် အိန္ဒိယ၏ လေကြောင်းရန်ကာကွယ်ရေးကို ပိုမိုခိုင်မာအားကောင်းလာစေမည်ဖြစ်သည်။

၂၀၁၈ ခုနှစ်တွင် ရုရှားနိုင်ငံနှင့် အိန္ဒိယနိုင်ငံ စာချုပ်ချုပ်ဆိုခဲ့သည့် မူလရှိရင်းစွဲ စာချုပ်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၅ ဒသမ ၄ ဘီလီယံရှိပြီး ယခုထပ်မံဝယ်ယူသွားမည့် S-400 လေကြောင်းရန်ကာကွယ်ရေးစနစ်များသည် တပ်ခွဲ ငါးခွဲစာကို ဖြည့်ဆည်းပေးသွားမည်ဖြစ်ပြီး အဆိုပါ S-400 လေကြောင်းရန်ကာကွယ်ရေးစနစ် လက်နက်များရောက်ရှိလာပါက အိန္ဒိယနိုင်ငံ၏ အရေးပါသော အချက်အခြာနေရာများကို ကာကွယ်နိုင်စွမ်း ရှိစေသည်။ သို့သော် ယူကရိန်းအရေးကြောင့် ရုရှားနိုင်ငံသည် လက်ရှိအချိန်ထိ အိန္ဒိယနိုင်ငံသို့ S-400 တပ်ခွဲ သုံးခွဲစာကိုသာ လွှဲပြောင်းပေးနိုင်သေးသည်။

အိန္ဒိယတာဝန်ရှိသူများအနေဖြင့် ယခင်ဝယ်ယူထားသော S-400 လေကြောင်းရန်ကာကွယ်ရေး တပ်ခွဲများသည် ဒုံးကျည်များ၊ ဒရုန်းနှင့် တာဝေးပစ်တိုက်ခိုက်ရေးစွမ်းဆောင်ရည်များပါရှိသည့် ပြောင်းလဲတိုးတက်ဖြစ်ပေါ်လျက်ရှိသော ခြိမ်းခြောက်မှုများကို လွှမ်းခြုံနိုင်စွမ်းမရှိတော့ကြောင်း ယုံကြည်လက်ခံလာကြသည်။ ထို့ကြောင့် ထပ်မံဝယ်ယူဖြည့်တင်းသွားမည့် S-400 ကို လေတပ်အခြေစိုက်စခန်းများ၊ အမိန့်ပေးကွပ်ကဲမှုစင်တာများနှင့် အရေးပါသော အခြေခံအဆောက်အအုံများကို ကာကွယ်သွားမည့် အရေးပါသောကာကွယ်ရေး ဗိသုကာပုံစံအဖြစ် သဘောထားလျက်ရှိသည်။

ထို့ပြင် S-400 လေကြောင်းရန် ကာကွယ်ရေးစနစ်သည် အိန္ဒိယနိုင်ငံအား ကာကွယ်ရေးဇုန်များ တိုးချဲ့စေနိုင်မည်ဖြစ်သောကြောင့် ဒုံးကျည်များ၊ ဒရုန်းများနှင့် လေယာဉ်များပါဝင်သော တိုက်ခိုက်မှုများကိုကြံ့ကြံ့ခိုင်နိုင်စေမည်ဖြစ်သည်။ အိန္ဒိယနိုင်ငံသည် ရန်လိုသောနိုင်ငံများ၏ လေကြောင်းရန်ကာကွယ်ရေးစနစ်များကို ထိုးဖောက်နိုင်ရေးအတွက် ပေါင်းစပ်လေကြောင်းရန်ကာကွယ်ရေးစနစ် တည်ဆောက်သွားရန် ရည်ရွယ်ထားရှိသည်။

အိန္ဒိယနိုင်ငံ၏ ကာကွယ်ရေးပစ္စည်းဝယ်ယူရေးကောင်စီသည် S-400 လေကြောင်းရန်ကာကွယ်ရေးစနစ်အပြင် တန်ပြန်ထိုးစစ်လေကြောင်းမစ်ရှင်များနှင့် ပေါင်းစပ်လေကြောင်းစစ်ဆင်ရေးများအတွက် မောင်းသူမဲ့လေကြောင်းတိုက်ခိုက်ရေးစွမ်းဆောင်ရည်ဝယ်ယူဖြည့်တင်းရန်လည်း အတည်ပြုထားရှိသဖြင့် အိန္ဒိယနိုင်ငံအနေဖြင့် မောင်းသူမဲ့လေကြောင်းစွမ်းအားအပေါ် အလေးထားလုပ်ဆောင်နေကြောင်း ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။

လက်ရှိအချိန်၌ ကာကွယ်ရေးဆိုင်ရာရပ်တည်မှုသည် အာရုံခံစနစ်များ၊ တိုက်ခိုက်ရေးစွမ်းရည်များအပြင် အကာအကွယ်ပေးထားသည့်အခြေစိုက်စခန်းများနှင့် ချိတ်ဆက်လုပ်ဆောင်လာလျက်ရှိသဖြင့် ဒုံးကျည်နှင့် မောင်းသူမဲ့စနစ်များကို ဝယ်ယူဖြည့်တင်းရလျက်ရှိသည်။ အိန္ဒိယနိုင်ငံအနေဖြင့် S-400 နှင့် တိုက်ခိုက်ရေးဒရုန်းများအပြင် ပင်လယ်ရေကြောင်းလုံခြုံရေးဆိုင်ရာ စစ်လက်နက်ပစ္စည်းများကိုလည်း ဝယ်ယူဖြည့်တင်းလျက်ရှိသည်။ နယ်ပယ်ပေါင်းစုံမဟာဗျူဟာသည် အဆင့်မြင့်ဟန့်တားမှုစစ်လက်နက်များအပြင် ကမ်းခြေစောင့်ကြည့်မှုဆိုင်ရာပလက်ဖောင်းများ၊ ရုတ်ခြည်းပံ့ပိုးမှုနှင့် ကမ်းခြေတစ်လျှောက်တွင် လိုက်လျောက်ညီထွေတာဝန်ထမ်းဆောင်နိုင်မှု စွမ်းဆောင်ရည်များလည်း လိုအပ်မည်ဖြစ်သည်။ ထို့ကြောင့် အိန္ဒိယနိုင်ငံသည် ကြည်းတပ်၊ ရေတပ်နှင့် ကမ်းခြေစောင့်တပ်ဖွဲ့များအတွက် စစ်လက်နက်ပစ္စည်းများကို တစ်ချိန်တည်း တစ်ပြိုင်တည်း ဝယ်ယူခြင်းအားဖြင့် နယ်ပယ်ပေါင်းစုံအတွက် ကြိုတင်ပြင်ဆင်လျက်ရှိသည်။

အိန္ဒိယနိုင်ငံအနေဖြင့် အနီးအနားဒေသများ၌ သာစူးစမ်းလေ့လာမှုမစ်ရှင်အခန်းကဏ္ဍများ ထမ်းဆောင်နေသည်ထက် အကာအကွယ်ပေးထားသည့် လေကြောင်းပိုင်နက်အတွင်းသို့ ထိုးဖောက်နိုင်သော စွမ်းဆောင်ရည်ရှိသည့် မောင်းသူမဲ့စနစ်များကြိုးပမ်းရှာဖွေနေကြောင်းကို ကိုယ်ပျောက်ထောက်လှမ်းမှု၊ စောင့်ကြည့်မှုနှင့်ကင်းထောက်မှုဆိုင်ရာလိုအပ်ချက်များက ဖော်ညွှန်းလျက်ရှိသည်။ ထို့ကြောင့် အိန္ဒိယနိုင်ငံသည် ဒရုန်းများကို ကင်းထောက်မှုကိရိယာအဖြစ်သာအသုံးမချတော့ဘဲ ပဋိပက္ခဖြစ်ပွားရာပတ်ဝန်းကျင်တွင် သမားရိုးကျတိုက်ခိုက်ရေးစွမ်းဆောင်ရည်များ ပေါင်းစပ်အစိတ်အပိုင်းများအဖြစ်အသုံးချသွားရန်စီစဉ် ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် အနာဂတ်တိုက်လေယာဉ်များသည် စောင့်ကြည့်ခြင်း၊ ပစ်မှတ်ကို တိကျစွာရှာဖွေခြင်းနှင့် တိကျစွာတိုက်ခိုက်ခြင်း စသည့်စနစ်များပေါင်းစပ်ပါဝင်လာမည်ဖြစ်သည့်အတွက် တိုက်ပွဲဆင်နွှဲနေစဉ်အချိန်နှင့် တစ်ပြေးညီ ထောက်လှမ်းတိုက်ခိုက်ချေမှုန်းသွားနိုင်မည်ဖြစ်သည်။

တစ်ချိန်တည်းမှာပင် အိန္ဒိယကြည်းတပ်သည် လေကြောင်းရန်ခြေရာခံစနစ်တစ်ခု၊ သံချပ်ကာဖောက်ထွင်းခဲယမ်းများ၊ စွမ်းဆောင်ရည်မြင့် ရေဒီယိုအချက်ပြစနစ်တို့ကို လက်ခံရရှိသွားမည်ဖြစ်ပြီး ၎င်းစနစ်အားလုံးသည် ကြံ့ကြံ့ခံနိုင်စွမ်းနှင့် စစ်မြေပြင်ပေါင်းစပ်ဆောင်ရွက်နိုင်မှုတို့ကို ခိုင်မာအားကောင်းစေမည်ဖြစ်သည်။ အဆိုပါ စစ်လက်နက်ပစ္စည်းများသည် အချိန်နှင့်တစ်ပြေးညီ လေကြောင်းရန်ကာကွယ်ရေးထိန်းချုပ်မှု၊ ဆက်သွယ်မှုနှင့် သံချပ်ကာ ကာကွယ်ရေးစွမ်းဆောင်ရည်များကို မြှင့်တင်နိုင်မည်ဖြစ်ပြီးအရေးကြီးသော စစ်မြေပြင်တာဝန်များကိုလည်း ထမ်းဆောင်နိုင်စေမည်ဖြစ်သည်။

ထို့ပြင် အိန္ဒိယနိုင်ငံသည် ၁၅၅ မီလီမီတာ အမြောက်စနစ်များကိုလည်းဝယ်ယူသွားရန် စီစဉ်ထားရှိပြီး ဟောင်ဝစ်ဇာအမြောက် အလက် ၃၀၀ မှာယူသွားမည်ဖြစ်သည့်အတွက် အမျိုးမျိုးသော မြေပြင်အနေအထားတွင် မြေပြင်တာဝေးပစ်တိုက်ခိုက်ရေးစွမ်းဆောင်ရည်များကို စဉ်ဆက်မပြတ်ထိန်းသိမ်းထားနိုင်မည်ဖြစ်သည်။ ထို့ပြင် အန္ဒိယကြည်းတပ်သည် ဝေဟင်ကင်းထောက်မှုစနစ်များကိုလည်း လက်ခံရရှိသွားမည်ဖြစ်သည့်အတွက် ခက်ခဲကြမ်းတမ်းသောမြေအနေအထား၌ စစ်မြေပြင်ကင်းထောက်မှုကို ပစ်စွမ်းအား၊ ဆက်သွယ်မှုနှင့် လေကြောင်းရန်ကာကွယ်ရေး ခြေရာခံမှုတို့နှင့်အတူ စစ်ဆင်ရေးဆိုင်ရာ ထိပ်တန်းဦးစားပေးလုပ်ငန်းအဖြစ် သဘောထားလျက်ရှိသည်။

အမှန်တော့ အိန္ဒိယနိုင်ငံသည် အမျိုးမျိုးသော ဖိအားများအောက်၌ လေကြောင်းစွမ်းအား စဉ်ဆက်မပြတ် ထိန်းသိမ်းမှု၊ အမြောက်၊ ကင်းထောက်မှု၊ ဆက်သွယ်မှုနှင့် နည်းဗျူဟာမြောက် ကာကွယ်မှုတို့ကို ကွန်ရက်ချိတ်ဆက်ပေါင်းစပ်တာဝန်ထမ်းဆောင်နိုင်ရန် ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည်။ မည်သို့ပင်ဆိုစေ အိန္ဒိယနိုင်ငံသည် တရုတ်၊ ပါကစ္စတန်နိုင်ငံတို့နှင့် ပြိုင်ဆိုင်မှုပြင်းထန်နေသည့်အချိန်၌ S-400 လေကြောင်းရန်ကာကွယ်ရေးစနစ်များ၊ အဆင့်မြင့်တိုက်ခိုက်ရေးဒရုန်းများနှင့် လေယာဉ်များ ဝယ်ယူဖြည့်တင်းခြင်းသည် နယ်ပယ်ပေါင်းစုံတွင် ကာကွယ်ရေးစွမ်းဆောင်ရည်များမြှင့်တင်ရန် ကြိုးပမ်းနေမှုကို ထင်ဟပ်ပေါ်လွင်နေကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**ကိုးကား**

- **India's Approves Massive $ 25 Billion Expansion as New S-400 Systems and Strike Drones Raise Pressure on China and Pakistan by Defense security-asia.com.**

**မောင်စိန်အိ(နဘဲမြေ)**

# ကျန်းမာရေးအသိဖြင့် အတာရေသဘင်ကို ပျော်ရွှင်စွာဆင်နွှဲကြပါစို့

**ကိုအောင်(ထုတ်လုပ်)**



မြန်မာ့ရိုးရာယဉ်ကျေးမှု၏ အမွေအနှစ်ဖြစ်သော "ရိုးရာအတာသင်္ကြန်ပွဲတော်"သည် မြန်မာတစ်မျိုးသားလုံး၏ ပျော်ရွှင်ဖွယ်နှစ်သစ်ကူးအခါသမယဖြစ်ပါသည်။ နှစ်ဟောင်းကျော်လွန်၍ နှစ်သစ်ဝင်ရောက်ချိန်၊ သဘာဝ၏ စက်ဝန်းအလှည့်အပြောင်းကို အကြောင်းပြုကာ မြန်မာတို့၏ ဝေနေယျစိတ်ဓာတ်၊ ကြည်ဖြူသော စေတနာ၊ လူမှုဆက်ဆံရေးနှင့် ကိုးကွယ်ယုံကြည်မှုတို့ ပေါင်းစပ်ဖွဲ့စည်းထားသည့် ဤပွဲတော်သည် ရှေးယခင်အဆက်ဆက်မှပင် ယနေ့တိုင် မြန်မာ့လူမှုအဖွဲ့အစည်း၏ အဓိကအချက်အချာအဖြစ် တည်ရှိနေဆဲဖြစ်သည်။

"အတာသင်္ကြန်" ဟူသည် ရေသန့်စင်မှု၊ ရေကစားမှုမျှသာမဟုတ်ဘဲ ဘိုးဘွားဘီဘင်တို့ထံမှ လက်ဆင့်ကမ်းပေးအပ်လာသော ရေဝေစဉ်လာ၊ သက်ကြီးရွယ်အိုတို့အားရိုသေမှု၊ မိတ်ဆွေအပေါင်းအသင်းတို့ကို ခင်မင်ရင်းနှီးမှု၊ ဘုရားတရားကိုကြည်ညိုမှုစသည့် မြင့်မြတ်သောတန်ဖိုးများ၏ ပေါင်းစည်းရာဖြစ်သည်။ သင်္ကြန်ပွဲတော်သည် မြန်မာ့ယဉ်ကျေးမှု၏ သက်ဝင်လှုပ်ရှားနေသော ရိုးရာပွဲတော်တစ်ခုသာမက မြန်မာလူမျိုးတို့၏ စိတ်နေစိတ်ထား၊ လူမှုရေးဆက်ဆံရေးနှင့် လူကြီးသူမကို ရိုသေတတ်သော စရိုက်လက္ခဏာတို့ကိုလည်း ထင်ဟပ်စေသည့် အဖိုးတန်အမွေအနှစ်တစ်ခုဖြစ်သည်။

သို့ရာတွင် နှစ်စဉ်နှစ်တိုင်း သင်္ကြန်ကာလ၌ ပျော်ရွှင်မှုကြားမှ မလွှဲမရှောင်သာ ကြုံတွေ့ကြရသော ကျန်းမာရေးဆိုင်ရာ စိန်ခေါ်မှုများရှိပါသည်။ ပူပြင်းသည့်ရာသီဥတု၊ လူစုလူဝေးထူထပ်မှု၊ ယာဉ်အသွားအလာများပြားမှု၊ အစားအသောက်နှင့် သန့်ရှင်းမှုဆိုင်ရာ သတိလက်လွတ်မှုများကြောင့် ရေဓာတ်ခန်းခြောက်ခြင်း၊ အစာအဆိပ်သင့်ခြင်း၊ ရေမှတစ်ဆင့်ကူးစက်သောရောဂါများ၊ ယာဉ်မတော်တဆမှုများနှင့် နာတာရှည်ရောဂါအခံရှိသူများတွင် ရုတ်တရက်ဖြစ်ပွားနိုင်သည့် ကျန်းမာရေးဆိုင်ရာအရေးပေါ်အခြေအနေများသည် နှစ်စဉ်ဖြစ်ပွားလေ့ရှိသည်။

ရိုးရာအတာသင်္ကြန်ပွဲတော်ကို ဆင်နွှဲရာတွင် ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းစေရန် အောက်ပါအချက်များကို အထူးလိုက်နာ ဆောင်ရွက်သင့်သည်။

**အပူဒဏ်အန္တရာယ်မှ ကာကွယ်ခြင်း**

အပူဒဏ်အန္တရာယ်မှ ကာကွယ်ရန်အတွက် နေ့လယ်ပိုင်း နေရောင်ပြင်းထန်ချိန်တွင် အရိပ်ရသည့်နေရာများ၌ နားနေသင့်ပါသည်။ အပြင်သို့ထွက်ပါက ထီး၊ ဦးထုပ်၊ နေကာမျက်မှန်နှင့် လက်ရှည်အဝတ်အစားများကို အသုံးပြု၍ နေရောင်ခြည်နှင့်အပူရှိန်ကို တိုက်ရိုက်ထိတွေ့မှု လျှော့ချသင့်သည်။ ခန္ဓာကိုယ်တွင်း ရေဓာတ်ခန်းခြောက်မှုမှ ကာကွယ်ရန် သန့်ရှင်းသည့်သောက်ရေကို မကြာခဏ သောက်သုံးပေးရမည်ဖြစ်ပြီး ချွေးထွက်များခြင်းကြောင့် ဆုံးရှုံးသွားသော သတ္တုဓာတ်များအတွက် ဓာတ်ဆားရည်စသည့်တို့ကို သောက်သုံးပေးရသည်။ အထူးသဖြင့် အရက်သောက်သုံးခြင်းသည် ခန္ဓာကိုယ်၏ အပူချိန်ထိန်းညှိမှုစနစ်ကို အနှောင့်အယှက်ဖြစ်စေပြီး ရေဓာတ်ကို ပိုမိုဆုံးရှုံးစေကာ အပူဒဏ်ကို ပိုမိုပြင်းထန်စွာ ခံစားရနိုင်သည့်အပြင် အပူရှိန်ကြောင့် သတိလစ်မေ့မြောခြင်း၊ လေဖြတ်ခြင်းတို့ ဖြစ်ပွားနိုင်ခြေမြင့်မားစေသောကြောင့် သင်္ကြန်ကာလအတွင်း အရက်သေစာအလွန်အကျွံသောက်သုံးခြင်းကို အထူးရှောင်ကြဉ်ရန် လိုအပ်ကြောင်း သတိပြုရမည်ဖြစ်သည်။

**ရေမှတစ်ဆင့် ကူးစက်ရောဂါများ ကာကွယ်ခြင်း**

သင်္ကြန်ရေကစားရာတွင် အဓိကဂရုစိုက်ရမည်မှာ ရေမှတစ်ဆင့် ကူးစက်တတ်သော ရောဂါများမှကြိုတင်ကာကွယ်မည်ဖြစ်သည်။ ထို့ကြောင့် ရေကစားရာတွင် သန့်ရှင်းသောရေကိုသာ အသုံးပြုနိုင်ရေး ဆောင်ရွက်ရမည်ဖြစ်သည်။ ရေကစားရာတွင် မသန့်ရှင်းသောရေများ ပါးစပ်အတွင်းဝင်ပါက ဝမ်းပျက်ဝမ်းလျှော၊ အသည်းရောင်ရောဂါ၊ အစာခြေလမ်းကြောင်းပိုးဝင်ခြင်း စသည့်ရောဂါများဖြစ်ပွားနိုင်သည်ကို အထူးသတိပြုရမည်ဖြစ်သည်။ ရေကစားစဉ်အတွင်း မသန့်ရှင်းသောရေများ မျက်လုံး၊ နား၊ ပါးစပ်ထဲသို့ ညစ်ညမ်းရေများ မဝင်အောင် သတိပြုရန်လိုအပ်ပြီး မျက်လုံးအတွင်းသို့ ညစ်ညမ်းရေဝင်ရောက်ပါက မျက်မြေးရောင်ခြင်း၊ နားအတွင်းသို့ ရေဝင်ပါက နားပိုးဝင်ခြင်း၊ ပါးစပ်မှတစ်ဆင့် ရောဂါပိုးများ ခန္ဓာကိုယ်အတွင်းသို့ ဝင်ရောက်ခြင်းတို့ ဖြစ်ပွားနိုင်သည်။ ထို့ပြင် ရေကစားပြီးတိုင်း သန့်ရှင်းသောရေဖြင့် ရေပြန်ချိုးပေးသင့်သည်။ ထို့ပြင် ရေပက်သူများကလည်း ဖိအားမြင့်အားပြင်းသည့် ရေပန်းဖြင့် မျက်နှာကို တိုက်ရိုက်ပက်ခြင်းမှ

**❖ ရေကစားစဉ်အတွင်း မသန့်ရှင်းသောရေများ မျက်လုံး၊ နား၊ ပါးစပ်ထဲသို့ ညစ်ညမ်းရေများမဝင်အောင် သတိပြုရန်လိုအပ်ပြီး မျက်လုံးအတွင်းသို့ ညစ်ညမ်းရေဝင်ရောက်ပါက မျက်မြေးရောင်ခြင်း၊ နားအတွင်းသို့ရေဝင်ပါက နားပိုးဝင်ခြင်း၊ ပါးစပ်မှတစ်ဆင့် ရောဂါပိုးများ ခန္ဓာကိုယ်အတွင်းသို့ ဝင်ရောက်ခြင်းတို့ဖြစ်ပွားနိုင်သည်။ ထို့ပြင် ရေကစားပြီးတိုင်း သန့်ရှင်းသောရေဖြင့် ရေပြန်ချိုးပေးသင့်သည်။ ထို့ပြင် ရေပက်သူများကလည်း ဖိအားမြင့်အားပြင်းသည့် ရေပန်းဖြင့် မျက်နှာကို တိုက်ရိုက်ပက်ခြင်းမှရှောင်ကြဉ်ရန်လည်း အထူးလိုအပ်သည်။ ❖**

ရှောင်ကြဉ်ရန်လည်းအထူးလိုအပ်သည်။ အကြောင်းမှာ အားပြင်းသောရေဖြင့် ပက်လိုက်သောရေသည် အရှိန်ဖြင့် နှာခေါင်းအတွင်းဝင်ပါက နှာခေါင်းအတွင်းရှိ အမြှေးပါးကို ထိခိုက်စေနိုင်သကဲ့သို့ နှာခေါင်းပေါက်မှတစ်ဆင့် ရောဂါပိုးများ ဦးနှောက်ဆီသို့ရောက်ရှိကာ ပြင်းထန်သည့် ဦးနှောက်အမြှေးရောင်ရောဂါ ဖြစ်ပွားစေနိုင်သောကြောင့်ဖြစ်သည်။ ရေကစားမည်ဆိုပါက မက်စ်၊ ဦးထုပ်၊ တဘက်ကဲ့သို့ အကာအကွယ်များကို ဆောင်သင့်ပေသည်။

**ထိခိုက်ဒဏ်ရာနှင့် မတော်တဆမှုများ ကာကွယ်ခြင်း**

ရေကစားခြင်းဖြင့် စိုစွတ်နေသော လမ်းများတွင် မတော်တဆမှုများ ဖြစ်နိုင်သဖြင့် အထူးသတိထားရမည်ဖြစ်သည်။ ထို့ပြင် သင်္ကြန်ကာလအတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း တို့ကိုလိုက်နာရန် အလွန်အရေးကြီးသည်။ ယာဉ်မောင်းနှင်သူများ အနေဖြင့် သတ်မှတ်ထားသော အမြန်နှုန်းအတိုင်း မောင်းနှင်ခြင်း၊ ယာဉ်ကြောအချက်ပြမီးများကို လေးစားလိုက်နာခြင်း၊ ခါးပတ်ပတ်ခြင်း၊ မော်တော်ဆိုင်ကယ်စီးနင်းသူများ ဦးထုပ်ဆောင်းခြင်းတို့ကို ပြုလုပ်ရမည်ဖြစ်သည်။ လက်ရှိကာလတွင် ဖြစ်နိုင်ပါက စက်သုံးဆီကိုချွေတာသည့်အနေဖြင့် လမ်းလျှောက်သင်္ကြန်ပွဲတော်ကိုသာ ဆင်နွှဲသင့်ပေသည်။ အထူးသဖြင့် အရက်သေစာသောက်သုံး၍ ယာဉ်မောင်းနှင်ခြင်းမှ လုံးဝရှောင်ကြဉ်နိုင်ရမည်ဖြစ်သည်။

ကျန်းမာရေးသည် လူတိုင်းအတွက် အဖိုးတန်ဆုံးသော ရတနာဖြစ်သည်။ ရိုးရာအတာသင်္ကြန်ပွဲတော်ကို စိတ်ချမ်းသာ ကိုယ်ကျန်းမာဖြင့် ဆင်နွှဲနိုင်ရန် အပူဒဏ်၊ ရေမှတစ်ဆင့် ကူးစက်ရောဂါများ၊ ထိခိုက်ဒဏ်ရာနှင့် မတော်တဆမှုများမှ ကြိုတင်ကာကွယ်မှုများကို လျစ်လျူမရှုဘဲ အလေးထားဆောင်ရွက်သင့်ပါသည်။ ထို့ပြင် အပူဒဏ်သို့မဟုတ် ထိခိုက်ဒဏ်ရာတစ်စုံတစ်ရာ ခံစားရပါက မဆိုင်းမတွလျင်မြန်စွာ ဆေးကုသမှုခံယူခြင်းဖြင့် မိမိနှင့်တကွ မိသားစုဝင်များ၏ ကျန်းမာရေးနှင့် အသက်အန္တရာယ်ကို ကာကွယ်နိုင်မည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

**ကိုးကား**

- ရိုးရာအတာသင်္ကြန်ပွဲတော်ကာလကျန်းမာရေးအသိပေးနှိုးဆော်ချက်
  ကျန်းမာရေးဝန်ကြီးဌာန (၂၆-၃-၂၀၂၆)

---

# ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ခုံးပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ဒေးဒရဲ မေ ၄**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ခုံးပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဒေးဒရဲမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမြင့်က ပြောပြ၍ သိရသည်။

ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်းက ခုံးပိဿာချိန် ၄၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ်လအတွင်း ခုံးပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါခုံးများကို ရန်ကုန်ဈေးကွက်မှဝယ်ယူမှုအားကောင်းနေကြောင်း သိရသည်။

"ပြီးခဲ့တဲ့ မတ်လအတွင်း ခုံးတွေ ရန်ကုန်ဈေးကွက်ထဲကို ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ အရင်လတွေကထက် ကုန်ချိန်တွေ ပိုမို တင်ပို့ ရောင်းချခဲ့ရပါတယ်။ ဒေးဒရဲမြို့နယ်ဘက်က ငါးတွေ၊ ပုစွန်တွေ ကဏန်းတွေအပြင် ပင်လယ်စာခုံးတွေကို သဘာဝအတိုင်း ရှာဖွေဖမ်းယူရရှိကြတာဖြစ်ပါတယ်။ ဒေသထွက်ပင်လယ်စာ ခုံးတွေကို ဒေးဒရဲမြို့ကနေတစ်ဆင့် ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချတာပါ။ အခုအရောင်းအဝယ်တွေ ပုံမှန်ထက် ပိုမိုအရောင်းသွက်လည်ပတ်လာတော့ရေလုပ်သားတွေ၊ ကုန်သည်တွေ အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိနေပါတယ်"ဟု ဒေးဒရဲမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမြင့်က ပြောပြသည်။

ဒေးဒရဲမြို့နယ်တွင် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပိုင်ရှင်များသည် ငါးအမျိုးမျိုး၊ ပုစွန်အမျိုးမျိုး၊ ကဏန်းများအပြင် ခုံးများကိုရေလုပ်သားများထံမှ ဝယ်ယူပြီး စနစ်တကျ သန့်စင်ပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊



အဆိုပါ ခုံးတစ်ပိဿာလျှင် ငွေကျပ် ဒေါ်မိုးမြင့်က ဆက်လက်ပြောပြ၍ ၁၇၅၀၀မှ၂၇၀၀၀ ထိပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ချစ်စရာအရွယ် စာဖတ်မယ်

ကလေး စာပေကဏ္ဍ

# မှားယွင်းသောအတုယူခြင်း

လခြမ်းကလေးက တိမ်ဆိုင်ကြားက ထိုးထွက်လာသည်။ အိမ်ရှေ့ ကုက္ကိုပင်ခြေရင်းရှိ ကွပ်ပျစ်ပေါ်တွင် ဘိုးဘိုးမြ ရေနွေးကြမ်းသောက်နေသည်။

"ဘိုးမြရေ၊ တော့်မြေးတွေ မလာပါလား"

"လာမှာပေါ့ ဘွားကြင်၊ စောသေးတယ်လေ။ မြေးတွေအတွက် စားစရာ ဘာလုပ်ထားသလဲ"

"မြေပဲလေး၊ ပြောင်းဖူးလေးတွေ ပြုတ်ပေးထားတယ် ဘိုးကြင်ရေ၊ အခုက ပြောင်းဖူးပေါ်ချိန်ဆိုတော့ ဦးဦးဖျားဖျား စားရမှာ"

"ကောင်းတယ် ဘွားကြင်ရေ"

"ဘိုးဘိုးမြရေ"

"ဟော လာပါပြီ၊ လာကြ လာကြ မြေးတို့ရေ၊ မြေးတို့ကို ဘွားကြင်က မျှော်နေတာ"

မောင်ပြေသုတို့ သူငယ်ချင်းများသည် ဘိုးဘိုးမြအနားတွင် တန်းစီထိုင်လိုက်ကြလေသည်။

"ဘိုးဘိုး ဒီည ဘာပုံပြင် ပြောမှာလဲ"

"ဒီည ဘိုးဘိုးပြောမဲ့ ပုံပြင်လေးကတော့ မှားယွင်းသော အတုယူခြင်းဆိုတဲ့ ပုံပြင်လေးပါ မြေးတို့ရေ"

ဟိုးရှေးရှေးတုန်းက တောအုပ်ကြီးတစ်ခုအတွင်းမှာ ဝက်ဝံကြီးတစ်ကောင် ရှိသတဲ့ကွယ်။ ဝက်ဝံကြီးဟာ ကြွားဝါတတ်တဲ့စိတ်လဲ ရှိသတဲ့။ သူ့ကိုယ်သူ ခွန်အားဗလနဲ့ ပြည့်စုံတယ်လို့လဲ မှတ်ယူထားတာပေါ့ကွယ်။ အခြားတိရစ္ဆာန်တွေကိုလဲ အနိုင်ကျင့်တတ်သတဲ့ကွယ်။

"ဟိုးမှာ ဝက်ဝံကြီးလာနေတယ်။ ဝေးဝေးကရှောင်"လို့ ယုန်ကလေးက ပြောတော့ သမင်ကလေးက ဝက်ဝံကြီးမသိအောင် ပုန်းနေသတဲ့ကွယ်။ အဲဒီအခါမှာ ဝက်ဝံကြီးက–

"ငါ့ကိုတွေ့လို့ ပုန်းနေတာလား၊ အခုထွက်ခဲ့စမ်း"လို့ ဒေါသတကြီးနဲ့ အော်လိုက်သတဲ့။ သမင်ကလေးနဲ့ ယုန်ကလေးလဲကြောက်လန့်ပြီး ပုန်းနေရာက ထွက်လာကာ ဝက်ဝံကြီးကို တောင်းပန်ကြတာပေါ့ကွယ်။ ဝက်ဝံကြီးလဲ ကြောက်လန့်နေတဲ့သမင်နဲ့ ယုန်ကလေးကိုကြည့်ပြီး ရယ်မောနေသတဲ့ကွယ်။ နောက်ပြီး–

"နောက်တစ်ခါ ငါ့ကိုတွေ့ရင် လာခစားကြရမယ်။ မခစားရင် ငါ့အကြောင်းသိမယ်"လို့ ကြိမ်းမောင်း ပြောဆိုလိုက်သတဲ့ကွယ်။

တစ်နေ့မှာ ဝက်ဝံကြီးဟာ တောထဲ လမ်းလျှောက်နေတဲ့အချိန် ကျားကြီးတစ်ကောင်ရဲ့ အရေခွံကြီးတစ်ခုကို ထူးဆန်းစွာ တွေ့လိုက်ရသတဲ့ကွယ်။ အလွန်ကြီးမားပြီး တောက်ပနေတဲ့အရောင်ကြောင့် ကြောက်စရာအလွန်ကောင်းတာပေါ့ကွယ်။ ဒါပေမဲ့ ဝက်ဝံကြီးက ကြောက်လန့်စိတ်မရှိဘဲ ကျားအရေခွံကြီးကိုကောက်ယူပြီး သူ့ကိုယ်ပေါ်မှာ ခြုံလိုက်သတဲ့ကွယ်။ ပြီးတော့ နေပူထဲမှာ မြင်နေရတဲ့သူ့ပုံရိပ်ကို ကြည့်ပြီး ပျော်ရွှင်နေသတဲ့ကွယ်။ နောက်ပြီး သူ့ရင်ဘတ်ကိုကော့ကာ "ငါဟာ ကျားကြီးတစ်ကောင်လိုပါပဲ။ ကျားတစ်ကောင်လို မာန်အပြည့်ရှိနေတာပဲ"လို့ ဂုဏ်ယူစွာ ရေရွတ်ပြောဆိုလိုက်သတဲ့ကွယ်။

အဲဒီလိုနဲ့ ဝက်ဝံကြီးဟာ ကျားတစ်ကောင်လို မာန်အပြည့်နဲ့ ခေါင်းမော့ပြီး လမ်းလျှောက်နေသတဲ့ကွယ်။ ဝက်ဝံကြီးရဲ့ လမ်းလျှောက်ပုံကိုကြည့်ပြီး အခြားသမင်တစ်ကောင်က ကြောက်လန့်ထွက်ပြေးသွားသတဲ့ကွယ်။ မြေခွေးတစ်ကောင်ကလဲ ဝက်ဝံကြီးရှေ့မှာ လဲကျသွားလို့ အသနားခံတောင်းပန်ရသတဲ့ကွယ်။ အဲဒီအချိန်မှာ ဝက်ဝံကြီးက သူ့ကိုယ်သူ အထင်ကြီးပြီး "အားလုံးက ငါ့ကိုကြောက်နေကြပြီ။ ငါဒီတောအုပ်ကို အုပ်ချုပ်တော့မယ်"လို့ ဆုံးဖြတ်လိုက်သတဲ့ကွယ်။

ဒီလိုနဲ့ ဝက်ဝံကြီး အတွေးတစ်ခု ဝင်လာပြီး"ငါက တဖြည်းဖြည်း ကျားနဲ့တူလာပြီ။ ငါဟာ ကျားတစ်ကောင်နဲ့တူလာတာဖြစ်လို့ ဒီတောအုပ်ကြီးကို အုပ်ချုပ်ရမဲ့သူဖြစ်သလို ဒီတောအုပ်ထဲမှာရှိတဲ့ တိရစ္ဆာန်တွေအားလုံးလဲ ငါ့ကို ကြောက်ရွံ့ရိုသေရမှာဖြစ်တယ်။ ငါ့ကို ရိုသေကြောက်ရွံ့မှုမရှိတဲ့ကောင်တွေကိုလဲ ကြောက်အောင် ပညာပေးရမယ်။ ဆုံးမရမယ်"လို့ တွေးသတဲ့ကွယ်။



ဒါကြောင့် တောထဲက တိရစ္ဆာန်တွေကြောက်အောင် "ကျားလိုဟိန်းလိုက်မယ်"ဆိုပြီး အသက်ပြင်းပြင်းရှူပြီး ဟိန်းလိုက်တဲ့အခါမှာ ကျားရဲ့အသံမထွက်ဘဲ "ဝူး အား ဝူး" ဆိုတဲ့အသံပဲ ထွက်လာသတဲ့ကွယ်။ ဝက်ဝံရဲ့အသံကိုကြားပြီး တောထဲမှာရှိတဲ့ တိရစ္ဆာန်တွေက ငြိမ်သက်သွားသတဲ့ကွယ်။

နောက်ပြီး ယုန်တစ်ကောင်က "ဒါ ကျားရဲ့အသံမဟုတ်ဘူး။ ကျားအရေခြုံထားတဲ့ ဝက်ဝံရဲ့အသံပဲဖြစ်ရမယ်"လို့ ပြောဆိုပြီး ဝက်ဝံရှိရာကို တိရစ္ဆာန်တွေ စုရုံးရောက်ရှိလာကြသတဲ့ကွယ်။ နောက်ပြီး ဝက်ဝံကိုယ်ပေါ်မှာခြုံထားတဲ့ ကျားအရေခွံကို ဆွဲယူချွတ်ပစ်လိုက်ကြသတဲ့ကွယ်။ ပြီးတော့ တိရစ္ဆာန်တွေက ဝက်ဝံကြီးကို "အကြွားသန်တဲ့ ကောင်၊ ဟန်ဆောင်တတ်တဲ့ကောင် ငါတို့နဲ့မနေနဲ့။ ထွက်သွား"လို့ အပြစ်တင် မောင်းထုတ်လိုက်ကြသတဲ့ကွယ်။ ဝက်ဝံကြီးလဲ အရှက်ရပြီး တောကြီးထဲက ထွက်ပြေးသွားသတဲ့ကွယ်။

ပုံပြင်လေးကတော့ ဒီလောက်ပါပဲကွယ်။ ပုံပြင်လေးကိုနားထောင်ပြီး တစ်ပါးသူရဲ့အပြုအမူ အသွင်အပြင်တွေကို မှားယွင်းစွာ အတုခိုးခြင်းဟာ အောင်မြင်မှုမရနိုင်ဘူးမြေးတို့ရေ၊ တစ်ပါးသူရဲ့ အဝတ်အစားကို ဝတ်လိုက်ရုံနဲ့ အဲဒီလူလို မဖြစ်လာနိုင်ဘူးဆိုတာ မြေးတို့ သိရှိထားရမယ်နော်။ တစ်ပါးသူလို ဟန်ဆောင်ခြင်းဟာလဲ ရေရှည်မခိုင်မြဲဘဲ အချိန်တိုအတွင်း ပျက်စီးတတ်တယ်ဆိုတာ သဘောပေါက်ဖို့လိုတယ် မြေးတို့ရဲ့။ ဒါကြောင့် တစ်ပါးသူရဲ့ ကောင်းသော ကြိုးစားမှုကိုသာအတုယူပြီး ကြိုးစားနေထိုင်ကြပါလို့ ဘိုးဘိုးက တိုက်တွန်းလိုက်ပါတယ်ကွယ်။

**မောင်ကြည်လင်(ရွှေကြိုးကြာ)**

---

# မုန့်လုံးကလေး

À အားမလျှော့နဲ့ ကူးစို့နော်
ခွဲသတ္တိနှင့်ပျော်၊
ရေပေါ်မှာပင် ကခုန်ကြ
သကြ်နိမယ်လိုလှ။

À သူ့အဆင်းက ဖွေးဖြူဖြူ
အလှသရဖူ၊
ကုသိုလ်ယူမဲ့ မုန့်လုံးလေး
မဏ္ဍာပ်တိုင်းမှာကျွေး၊
နှစ်သစ်ဆုတောင်းပေး။ ။

**အလင်္ကာ(ပွင့်ဖြူ)**



# ကန်စွန်းခင်းလေး

À ကန်စွန်းခင်းလေး စိမ်းစိမ်းလေး
လောင်းမယ်ရေဖွေးဖွေး။

À အညွန့်သေးသေး ရိုးတံပေါ်
ထောင်လျက်မိုးကိုမျှော်။

À ပျော်ပျော်ပါးပါး ခူးစို့လား
စိမ်းရွက်တွေကဖား။

À ကန်စွန်းစည်းများ ရပါလျှင်
ရောင်းချဖို့ရာပြင်။

À အပိုဝင်ငွေ ရလာသေး
အိမ်နောက်ဘက်က ဈေး။ ။

**မန်းတင့်မော်**










## မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်အထက၊ Grade-10 (D) တွင် ပညာသင်ကြားနေသော ဦးသန်းစိုး၏သမီး မမွေးသဇင်ကျော်၏မွေးသက္ကရာဇ်အမှန်မှာ ၂၆-၇-၂၀၁၀ ဖြစ်ပါကြောင်း။

၂၆-၇-၂၀၁၀

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးရန်လုံရပ်ကွက်နေ သဇင်ထိပ်ထား (ဘ) ဦးလှိုင်ဝဏ္ဏ(၉/အမဇ(နိုင်)၀၃၈၉၈၂)၏ နိုင်ငံကူးလက်မှတ်အမှတ်(MI-703038)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-794445666

## မီးဘေးအတွက်ကြိုတင် ပြင်ဆင်ရန်များ

၁။ မီးငြိမ်းသတ်ရန်ပစ္စည်းများ( မီးသတ်ဦးစီးဌာန၏ စံနှုန်းနှင့်ကိုက်ညီသော မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲအိတ်များ၊မီးသတ်ဆေးဘူးများ)အသင့်ထားရှိပါ။



၂။ မြို့၊ရပ်ကွက်၊ ကျေးရွာအလိုက် အပေါ့စားမီးသတ်စက်များ၊ မီးသတ်ရေကန်များ၊ မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများ အသင့်ရှိစေရေး အတွက် ပူးပေါင်းပါဝင်ပါ။

၃။ မီးလောင်နေစဉ်တွင် ပြုမူနေထိုင်ရမည့် နည်းလမ်းများကို မိသားစုဝင်များအား အသိပေးလေ့ကျင့်ထားပါ။



# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် "1111" အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme-PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် "1111" ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အဖွဲ့များက Short Code နံပါတ် "1111" ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်



❖ စိုက်ပျိုးမွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ပြီး ကျေးလက်နေပြည်သူများ၏ ဝင်ငွေတိုးတက်မှသာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးမှတစ်ဆင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၂၃ ရက်တွင် ပြုလုပ်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ်(မအူပင်) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် KIA ၊ KPDF နှင့် PDF အမည်ခံ အဖွဲ့ဝင် ရှစ်ဦး လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်




မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးထံ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူတစ်ဦးက လက်နက်အပ်နှံစဉ်။

နေပြည်တော် ဧပြီ ၄

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများကို ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် KIA၊ KPDF နှင့် PDF အမည်ခံအဖွဲ့မှ အဖွဲ့ဝင် အမျိုးသား ရှစ်ဦးတို့သည်

စာမျက်နှာ ၁၆ ကော်လံ ၁ ☆

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် ပါတီများ၊ အသင်း၊ အဖွဲ့များက အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာချက်များ ထုတ်ပြန် စာမျက်နှာ - ၁၈

ချစ်ကြည်ရေးခရီးလည်ပတ်ရန်ရောက်ရှိနေသည့် ထိုင်းဘုရင့်ရေတပ်မှ စစ်ရေယာဉ် ပြန်လည်ထွက်ခွာ စာမျက်နှာ - ၁၇

စွမ်းအင်သုံးစွဲမှုချွေတာရေးအတွက် ရုံးဝန်ထမ်းများ၏ နေ့စဉ် အလုပ်ချိန်ကို တစ်နာရီလျှော့ချရန် ဘင်္ဂလားဒေ့ရှ်အစိုးရ ညွှန်ကြား စာမျက်နှာ - ၆

## ထူးခြားသည့် နေ့အပူချိန်များ (၄-၄-၂၀၂၆)

| | | | | |
|---|---|---|---|---|
| ချောက် | ၄၂ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၄၂ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၄၂ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူ | ၄၂ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယပ် |
| ဆင်ဖြူကျွန်း | ၄၂ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မုံရွာ | ၄၂ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| တံတားဦး | ၄၁ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| မင်းဘူး | ၄၁ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| ကျောက်ဆည် | ၄၁ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |

# ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်အတွင်းနှင့် မူဆယ်မြို့တို့၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်နေသူများကို ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် ဧပြီ ၄

မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံတကာနှင့် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားတိုက်ဖျက်ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ အဆိုပါဒုစရိုက်မှုနှိမ်နင်းရေးလုပ်ငန်းများကို တက်ကြွစွာဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၂၆ ကော်လံ ၁ ❖



တန့်ယန်းမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ တရုတ်နိုင်ငံသား အမျိုးသား ဦးရေ ၅၀ ဖမ်းဆီးရမိမှုမှတ်တမ်းဓာတ်ပုံ။

